# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ခူးလဆန်း (၈) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (29-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၃၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် နည်းပညာတက္ကသိုလ်(အထက်မြန်မာပြည်)(က)အသင်းနှင့် (ဃ)အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မတ် ၂၈**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကျော်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ထို့နောက် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဝင်အားကစားအဖွဲ့များက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၁၃ ခုနှစ် မတ် ၂၈ ရက်

အယ်ဒီတာ့အာဘော်

# အရည်အသွေးပြည့်မီသော ဝါစိုက်ပျိုးထုတ်လုပ်ရေး

အဝတ်အထည်ရက်လုပ်ရာတွင်အသုံးပြုသည့်ချည်မျှင်ကို ဝါမှရပြီး အခြားလူသုံးကုန်ပစ္စည်းများအတွက်လည်း ဝါကိုအသုံးပြုသည်။ ထို့ကြောင့် အရည်အသွေးပြည့်မီသောကုန်ကြမ်းဖြစ်သည့် ဝါကို ဖူလုံစွာရရှိရန်အတွက် စိုက်ပျိုးထုတ်လုပ်ရန်လိုအပ်ပေသည်။

တိုင်းပြည်၏ အဓိကစိုက်ပျိုးသီးနှံများအနက် ဝါသည် တစ်ခုအပါအဝင်ဖြစ်ပြီး ဝါစိုက်ဧက ၄ ဒသမ ၅ သိန်း စိုက်ပျိုးခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ဝါဧကရှစ်သိန်းထိစိုက်ပျိုးခဲ့ပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် စိုက်ပျိုးမှုရာခိုင်နှုန်းကျဆင်းခဲ့သည်။ ယခင်နှစ် ဝါထွက်ရှိမှုအနေဖြင့် တစ်ဧကလျှင် ဝါ ၄၃၈ ဒသမ ၅ ပိသာနှုန်းဖြင့် စုစုပေါင်းဝါပိသာချိန် ၁၉၈ ဒသမ ၇ သန်းရရှိခဲ့ပြီး ယခုလက်ရှိတွင် နိုင်ငံ၏ဝါလိုအပ်ချက်သည် ပိသာပေါင်း ၃၆၃ သန်း လိုအပ်ချက်ရှိသည်။

ထို့ကြောင့် ဝါကုန်ကြမ်းလိုအပ်ချက်နှင့် စိုက်ပျိုးထုတ်လုပ်နိုင်မှုကို နှိုင်းယှဉ်ကြည့်လျှင် ပိသာချိန်အရေအတွက် ထက်ဝက်နီးပါးခန့် လိုအပ်ချက်ရှိနေသည်ကို တွေ့ရှိရသည်။ နိုင်ငံတော်အနေဖြင့် ဝါတစ်ဧကအထွက်နှုန်းကို ပိသာ ၇၀၀ နှုန်းထိထွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုလျှင် ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဝါစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ယခင်ဝါစိုက်ဧကများအတိုင်း ပြန်လည်စိုက်ပျိုးနိုင်ရေး လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရန်လိုသည်။ ဝါစိုက်ပျိုးတောင်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်၍ လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုသည်။

မြန်မာနိုင်ငံတွင် ချည်မျှင်ရှည်ဝါကို အဓိကထား၍ စိုက်ပျိုးကြသည်ကိုတွေ့ရပြီး ပြည်တွင်းစိုက်ဧကများမှထွက်ရှိသည့်ဝါများသည် အရေအတွက်နည်းခြင်း၊ အရည်အသွေးကောင်းမွန်ရန်လိုအပ်ခြင်းတို့ကြောင့် အရည်အသွေးပြည့်မီသည့်ချည်မျှင်ထွက်ရှိနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အဝတ်အထည်များရက်လုပ်ရန်အတွက် လိုအပ်သည့်ချည်များကို ပြည်ပမှတင်သွင်းနေရသောကြောင့် ဝါစိုက်ပျိုးမှုတိုးတက်စေရေး ပြုပြင်ပြောင်းလဲမှုများ မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်သည်။

ဝါစိုက်ပျိုးသည့်ဒေသများအနေဖြင့် ဝါစိုက်ဧကများတိုးချဲ့နိုင်စေရေးနှင့် နည်းစနစ်မှန်မှန်ကန်ကန် စိုက်ပျိုးမှုရှိစေရေး၊ ဝါအထွက်နှုန်းကောင်းမွန်ပြည့်မီစေရေး၊ မျိုးကောင်းမျိုးသန့်ရရှိစေရေးတို့အတွက် စီမံပေးရန်လိုသည်။ စိုက်ပျိုးသည့်တောင်သူများ၊ အသုံးပြုသည့်လုပ်ငန်းရှင်များနှင့် အစိုးရတို့ သုံးဦးသုံးဖလှယ်ပူးပေါင်း၍ လိုအပ်သည့်ဝါမျိုးကောင်းမျိုးသန့်ရရှိရန်၊ ဝါအရည်အသွေးကောင်းမွန်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်တွင်းဝါလိုအပ်ချက်ပြည့်မီစေရေးအတွက် ပြည်ပနိုင်ငံများမှ နည်းစနစ်နှင့် မျိုးကောင်းမျိုးသန့်များရရှိစေရေး အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဝါစိုက်တောင်သူများနှင့် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ တာဝန်ရှိသူများကလည်း စိတ်ပါဝင်စားစွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်သည်။

သို့ဖြစ်ရာ ဝါစိုက်တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်ဝါသီးနှံများ ရွေးချယ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးနည်းစနစ်မှန်ကန်စွာစိုက်ပျိုးခြင်းတို့ဖြင့် အရည်အသွေးနှင့်အထွက်နှုန်းကောင်းမွန်ပြီး ပြည်တွင်းဝါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည်သာမက ပြည်ပမှ မှာယူတင်သွင်းရန်မလိုအပ်တော့သဖြင့် နိုင်ငံခြားဝင်ငွေအသုံးပြုရမှုကိုလျှော့ချနိုင်ပြီး ဝါစိုက်တောင်သူများလည်း အကျိုးအမြတ်များ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# သင်္ကြန်ကာလ တောင်သမန်တံတားသို့ ခရီးသွားလာရောက်မှုများနိုင်သဖြင့် ကြံ့ခိုင်မှုအားနည်းသည့်နေရာများကို အသေးစားပြုပြင်မှုလုပ်ဆောင်ထား



**မန္တလေး မတ် ၂၈**

သင်္ကြန်ကာလတွင် တောင်သမန်တံတားသို့ ခရီးသွားလာရောက်မှုများနိုင်သဖြင့် ကြံ့ခိုင်မှုအားနည်းသည့် နေရာများကို အသေးစားပြုပြင်ထိန်းသိမ်းမှုများ လုပ်ဆောင်ထားကြောင်း တောင်သမန်တံတား ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကာလ နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း မန္တလေးမြို့ရှိ အထင်ကရနေရာတစ်ခုဖြစ်သည့် တောင်သမန်အင်းနှင့် တံတားသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဝင်ရောက်လည်ပတ်မှုများပြားနိုင်ကြောင်း၊ တောင်သမန်တံတားသို့ ခရီးသွားဝင်ရောက်လည်ပတ်မှု များပြားနိုင်သောကြောင့် တံတားလျှောက်လမ်းတစ်လျှောက်တွင် ကြံ့ခိုင်မှုအားနည်းနေသည့်နေရာများကို မတ်လတတိယပတ်အတွင်း အသေးစားပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ထားကြောင်း သိရသည်။

"သင်္ကြန်ကာလမှာ တောင်သမန်တံတားကို လာရောက်လည်ပတ်မဲ့ခရီးသွားတွေ အန္တရာယ်ကင်းရှင်းပြီး စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လည်ပတ်နိုင်ဖို့ တံတားရဲ့ ကြံ့ခိုင်မှုအားနည်းနေတဲ့ အရှေ့ဘက်ခြမ်းက လျှောက်လမ်းထုပ်တန်းတွေမှာ လေဒဏ်၊ နေဒဏ်စတဲ့သဘာဝဘေးဒဏ်တွေကြောင့် ဟောင်းနွမ်းနေတဲ့နေရာတွေကို အသစ်ပြုပြင်အစားထိုးလဲလှယ်မှုတွေနဲ့ အခြားလိုအပ်တဲ့နေရာတွေမှာပါ အသေးစားပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းတွေကို မတ်လတတိယပတ်ကစပြီး လုပ်ဆောင်ထားပြီးပါပြီ"ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်အင်းနှင့် တံတားသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ မတ်လတတိယပတ်မှစ၍ တစ်ရက်လျှင် ဦးရေ ၅၀၀ ကျော်ထိ ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း၊ သင်္ကြန်ကာလတွင် တောင်သမန်အင်းအတွင်း ငှက်လှေများပြေးဆွဲပေးမည်ဖြစ်ပြီး ပြည်တွင်းခရီးသွားများအတွက် ငှက်လှေတစ်စီးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ပြည်ပခရီးသွားများအတွက် ငှက်လှေတစ်စီးလျှင်ငွေကျပ် ၁၅၀၀၀ ဖြင့် ငှားရမ်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ပြည်တွင်း၊ ပြည်ပခရီးသွားများ တောင်သမန်အင်းအတွင်း နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့် ကြည့်ရှုနိုင်ရန် ငှက်လှေအစီးရေ ၄၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် နယ်စုံဒေသမှဝင်ရောက်လာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် နယ်စုံဒေသမှ ဝင်ရောက်လာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

နယ်စုံဒေသမှ ထွက်ရှိသော ဂေါ်ဖီထုပ်များသည် လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကားငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ကုန်လက်ကျန်မရှိသလောက် အရောင်းအဝယ်ကောင်းနေကြောင်း၊ ယခုလက်ရှိတွင် ဂေါ်ဖီထုပ်ဈေးနှုန်းများမှာ တစ်ထုပ်လျှင် အရွယ်အစားအလိုက် ငွေကျပ် ၁၀၀၀ မှ ၂၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ဂေါ်ဖီထုပ်တွေက နယ်စုံဒေသကနေဝင်ရောက်လာတာပါ။ တောင်သူတွေက စိုက်တဲ့သူနည်းပါးသွားတဲ့အပြင် ပစ္စည်းရှားပါးတာကြောင့် ဈေးနှုန်းတွေက မထင်မှတ်ဘဲတက်သွားတာပါ။ ဈေးကတော့ အသင့်အတင့်ကောင်းပါတယ်။ အရောင်းအဝယ်လဲ ကောင်းပါတယ်။ လက်ရှိမှာ သီရိမာလာကုန်စိမ်းဈေးကို ဂေါ်ဖီထုပ်တင်ပို့တဲ့ ကားတွေအနေနဲ့ ခြောက်ဘီးကား၊ ၁၂ ဘီးကားတွေနဲ့ ပုံမှန်ဝင်ရောက်နေပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် အာလူးသီး၊ သခွားသီး၊ ခရမ်းချဉ်သီး၊ မုန်ညင်းဖြူ၊ ငရုတ်သီး၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့လည်း ဈေးကောင်းများဖြင့် ရောင်းချနေရကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

# ဧရာဝတီမြစ်ရေလမ်းကြောင်း သူငွေ့ကုန်းကျေးရွာအနီးတွင် ရေကြောင်းကျပ်တည်းနေ၍ ရေယာဉ်များသတိပြုသွားလာရန်လိုဟုဆို

**မန္တလေး မတ် ၂၈**

ဧရာဝတီမြစ်ရေလမ်းကြောင်း သူငွေ့ကုန်းကျေးရွာအနီးတွင် ရေကြောင်းကျပ်တည်းမှုဖြစ်ပေါ်နေ၍ ရေယာဉ်များ သတိပြုသွားလာရန်လိုအပ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလ ဖြစ်သောကြောင့် ရေကြောင်းပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ လတ်တလောတွင် ဧရာဝတီမြစ် မတ္တရာမြို့နယ် သူငွေ့ကုန်းကျေးရွာ အနီးတစ်ဝိုက်တွင် သောင်ထွန်းမှုများဖြစ်ပေါ်နေပြီး ရေလမ်းကြောင်း ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေးဆိပ်ကမ်းမှ သူငွေ့ကုန်းရေလမ်းကြောင်း တစ်လျှောက် သွားလာကြမည့် ခရီးသည်တင် ရေယာဉ်နှင့် ကုန်တင်ရေယာဉ်များအနေဖြင့် သောင်တင်မှုများ မဖြစ်ပေါ်စေရေး၊ အန္တရာယ်ကင်းရှင်းစေရေးအတွက် ရေပေါ်ပြ ရေလမ်းညွှန်အမှတ်အသားများနှင့် ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

"အခုတစ်လော သူငွေ့ကုန်းကျေးရွာအနီးတစ်ဝိုက်မှာ ရေလမ်းကြောင်းကျပ်တည်းတယ်ဆိုပေမဲ့ ဆိုးဆိုးရွားရွားဖြစ်တာတော့ မရှိသေးပါဘူး။ ဒါပေမဲ့ မန္တလေးဆိပ်ကမ်းကနေ မတ္တရာမြို့နယ် သူငွေ့ကုန်းရေလမ်းကြောင်းကနေ သွားကြမဲ့ ခရီးသည်တင်သင်္ဘောတွေနဲ့ ကုန်တင်သင်္ဘောတွေ သောင်တင်မှုမဖြစ်ပေါ်စေဖို့ အထူးသတိပြုသွားလာကြဖို့ လိုအပ်ပါတယ်"ဟု လက်ထောက် ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဥတ္တရသီရိမြို့နယ် မသိမ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နေပြည်တော် မတ် ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မသိမ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂၇ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမျိုး၊ နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးတင်မောင်အေး၊ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်းနှင့် မြို့နယ်တာဝန်ရှိသူများ၊ ကုမ္ပဏီမှတာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ မသိမ်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးမှူး ဦးမျိုးမျိုးက လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

မသိမ်ကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် နှစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်း၊ အရှည် ပေ ၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် လေးပေသုံးလက်မရှိ ရေကျော်တစ်စင်း တည်ဆောက်ခြင်းနှင့် အရှည် ပေ ၂၀၊ အကျယ် ငါးပေ၊ အမြင့် ငါးပေကိုးလက်မရှိ Box Culvert နှစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၇ ဒသမ ၉၅၉၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၁၂ ခုနှစ် နိုဝင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် မသိမ်ကျေးရွာရှိ အိမ်ခြေ ၅၀၄ အိမ်၊ လူ ၂၁၈၅ ဦးတို့၏ စိုက်ပျိုးမြေဧက ၃၅၀ မှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးစိုးလင်းက ပြောပြ၍ သိရသည်။

**သုသု**

# နတ်တလင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်တလင်း မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ထန်းပင်ကုန်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ထန်းပင်ကုန်းကျေးရွာနှင့် မင်္ဂလာကျွန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၈ ဦးကို ငွေကျပ် ၇၄ ဒသမ ၇၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန္တာ**

# ဝါးခယ်မမြို့နယ်တွင် မွေးမြူရေးငါးခူ တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိဈေးကောင်းရရှိ



**ဝါးခယ်မ မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် မတ်လအတွင်း မွေးမြူရေးငါးခူ တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဝါးခယ်မမြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်း မွေးမြူရေးတာဝန်ခံ ဦးကိုကိုလွင်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ငါးကန်ဖော်သည့်အချိန်က မွေးမြူရေးငါးခူ တစ်ပိဿာလျှင် ငွေကျပ် ၆၇၀၀ ထိသာဈေးရရှိခဲ့ပြီး လက်ရှိမတ် ၁ ရက်မှ ယနေ့ထိ ငါးကန်ဖော်သည့်အချိန်တွင် မွေးမြူရေးငါးခူ တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"သင်္ကြန်ကာလ နီးကပ်လာတာနဲ့အမျှ အရောင်းအဝယ်လဲ ကောင်းလာသလို ဈေးတွေကလဲ မြောက်လာပါတယ်။ လက်ရှိ ဒေသမှာ မွေးမြူရေးငါးကန်တွေဖော်နေတဲ့အချိန်ပါ။ ငါးခူဈေးက ကောင်းလာတော့ မွေးမြူသူတွေအဆင်ပြေလာတဲ့အပြင် အရောင်းအဝယ်သမားတွေနဲ့လုပ်သားတွေပါ အဆင်ပြေလာပါတယ်။ လက်ရှိ ငါးခူ တစ်ပိဿာကို ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိလာပါတယ်။ ဒေသထွက် မွေးမြူရေးငါးခူတွေကို ရန်ကုန်မြို့ဘက်က အဝယ်လိုက်နေပါတယ်။ အခုလို ငါးခူဈေးကောင်းလာတဲ့အတွက် တချို့ဆို အကောင်ရေတိုးချဲ့မွေးမြူလာတာတွေ့ရပါတယ်။ ငါးကတော့ပွဲရုံတွေဆီအဝင်များနေတယ်"ဟု ဝါးခယ်မမြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်း မွေးမြူရေးတာဝန်ခံ ဦးကိုကိုလွင်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဒေသခံများသည် လယ်ယာလုပ်ငန်းအပြင် မွေးမြူရေးလုပ်ငန်းများကိုပါ လုပ်ကိုင်ကြကြောင်း၊ အဆိုပါ ငါးခူမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ၆၇ ဦးရှိပြီး ဒေသထွက်မွေးမြူရေးငါးခူများကို ဝါးခယ်မ ငါးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များက ဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဟားကန့်မြို့နယ် လယ်ပြင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဖားကန့် မတ် ၂၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် လယ်ပြင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေထွန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ လယ်ပြင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲရေးပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

လယ်ပြင်ကျေးရွာ၌ လမ်းအရှည် ပေ ၄၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၁၉၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၁၂၀ အကုန်အကျခံကာ ကျေးရွာသူ၊ ကျေးရွာသားများက ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဝေထွန်းက ပြောပြ၍သိရသည်။

**မင်းမြင့်မိုရ်**

# စစ်ကိုင်းတိုင်းဒေသကြီး၌ ဂျုံသီးနှံဈေးကွက်တွင် ဂျုံတစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ ထိ ဈေးကောင်းရရှိ

**မုံရွာ မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၌ ဂျုံသီးနှံဈေးကွက်တွင် ဂျုံတစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြ၍ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှထွက်ရှိသော ဂျုံသီးနှံဈေးကွက်အနေဖြင့် ပြီးခဲ့သည့်နှစ်က ဂျုံတစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ သာ ဈေးရရှိခဲ့ပြီး ယခုလက်ရှိ မတ်လအတွင်း ဂျုံတစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ တစ်နှစ်ကို ဂျုံဧက တစ်သိန်းလောက်စိုက်ပျိုးပါတယ်။ ဂျုံစိုက်ပျိုးရာမှာ အရည်အသွေးကောင်းတဲ့မျိုးတွေစိုက်ပျိုးကြတယ်။ လက်ရှိ ဂျုံသီးနှံဈေးကွက်အနေနဲ့ မနှစ်က ဂျုံတစ်တင်းကို ငွေကျပ် ၃၀၀၀၀ သာ ဈေးရရှိခဲ့ပြီး အခုနှစ် မတ်လမှာတော့ ဂျုံတစ်တင်းကို ငွေကျပ် ၆၀၀၀၀ ထိ ဈေးကောင်းရရှိနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ဂျုံသီးနှံဧက ၁၀၂၆၅၀ စိုက်ပျိုးရန် လျာထားပြီး ၉၇၇၄၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဂျုံသီးနှံစိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧကစိုက်ပျိုးလျှင် ကုန်ကျစရိတ်မှာ ငွေကျပ် ၃၀၀၀၀၀ ခန့်ရှိပြီး ဂျုံတစ်ဧကစိုက်ပျိုးပါက ၂၁ တင်းထွက်ရှိကြောင်း၊ ဂျုံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် မော်လိုက်ခရိုင်၊ တမူးခရိုင်၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်းခရိုင်၊ ကသာခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အနက် စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်တို့၌ အများဆုံးစိုက်ပျိုးကြကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)



# ရန်ကုန်မြို့၏ အစောဆုံးမြို့သစ်

မောင်သာ (ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့သည် အလောင်းမင်းတရား တည်ထောင်ခဲ့ချိန်မှစ၍ ခေတ်အဆက်ဆက်ကိုဖြတ်သန်းခဲ့ပြီး ဖွံ့ဖြိုးတိုးတက်လာခဲ့ကာ အရှေ့တောင်အာရှဒေသ၏ မြို့ကြီးတစ်မြို့အဆင့်သို့ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်နောက်ပိုင်းမှစ၍ ရန်ကုန်မြို့၏ လူဦးရေသည် နှစ်စဉ်တိုးပွားလာကာ ကျူးကျော်နှင့် ပုံကျနေထိုင်သူများသည် ရန်ကုန်မြို့အနှံ့၌ အများအပြားရှိလာခဲ့သည်။ ထို့ကြောင့် တိုးတက်များပြားလာသည့် လူဦးရေကို စနစ်တကျနေရာချထားနိုင်ရန် ရန်ကုန်မြို့ကိုတိုးချဲ့ခဲ့ရသည်။

ဗိုလ်ချုပ်ကြီးနေဝင်းဦးစီးသည့် အိမ်စောင့်အစိုးရလက်ထက်၊ ၁၉၅၈ ခုနှစ်တွင် ရန်ကုန်မြို့ကို မြို့တော်အင်္ဂါရပ်များနှင့်ညီညွတ်စေရန် ဆောင်ရွက်ခဲ့ရာ မြို့တော်ဝန်ဗိုလ်မှူးကြီးထွန်းစိန်နှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက မြို့သစ်သုံးမြို့ကိုထူထောင်၍ ကျူးကျော်နေထိုင်သူများကို အတည်တကျနေရာချထားပေးခဲ့သည်။

ထိုစဉ်က ရန်ကုန်မြို့၏ မြို့သစ်သုံးမြို့ဖြစ်သည့် သာကေတ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပမြို့နယ်တို့သည် ယခုအခါတွင် ဖွံ့ဖြိုးစည်ပင်သောမြို့နယ်များအဖြစ်သို့ ရောက်ရှိနေကြပြီဖြစ်သည်။ ထိုမြို့နယ် သုံးမြို့နယ်အနက် သာကေတမြို့နယ်သည် လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင်တွင်ပါဝင်သည်။

**သာကေတမြို့နယ်**

ရန်ကုန်မြို့ကို တိုးချဲ့တည်ထောင်ခဲ့သည့် မြို့သစ်သုံးမြို့အနက် သာကေတမြို့နယ်သည် ရန်ကုန်မြို့နှင့် အနီးဆုံးနေရာတွင် ပဲခူးမြစ်နှင့် ငမိုးရိပ်ချောင်းကြား၌ တည်ရှိ၍ ၄ ဒသမ ၉၃ စတုရန်းမိုင်ကျယ်ဝန်းသည်။ လက်ရှိအချိန်တွင် သာကေတမြို့နယ်၏ အရှေ့ဘက်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အရှေ့မြောက်ဘက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ အနောက်ဘက်နှင့် တောင်ဘက်တွင် ဒေါပုံမြို့နယ်နှင့် မြောက်ဘက်တွင် သယ်န်းကျွန်းမြို့နယ်တို့တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၅ ဒသမ ၈၅ ပေမြင့်သည့် သာကေတမြို့နယ်သည် ငမိုးရိပ်ချောင်းနှင့် ပဲခူးမြစ်ကျွန်းဆွယ်ပေါ်တွင်တည်ရှိကာ အရှေ့ဘက်တွင် ပဲခူးမြစ်၊ အနောက်ဘက်နှင့်တောင်ဘက်တွင် ပုဇွန်တောင်ချောင်း၊ မြောက်ဘက်တွင် ငမိုးရိပ်ချောင်းတို့က ဝန်းရံလျက်ရှိသည်။

သာကေတမြို့နယ်အဝင် ကျောက်စာတိုင်၌ရေးထိုးထားသည့်မှတ်တမ်းတွင် "သာကေတမြို့ကို ၁၃၂၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၄ ရက်တွင် စတင်တည်ဆောက်သည်"ဟု ဖော်ပြထားရာ ၎င်းရက်သည် ခရစ်နှစ် ၁၉၅၉ ခုနှစ် ဇန်နဝါရီ ၈ ရက် ကြာသပတေးနေ့ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံနေရာအနှံ့မှပြည်သူများသည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်မှုများ များပြားလာသဖြင့် ရန်ကုန်မြို့တွင် လူနေကွက်သစ်များ တစ်စတစ်စ တိုးပွားလာခဲ့သည်။ သို့သော် စနစ်တကျမြို့ကွက်ချ၍ နေထိုင်ခဲ့ကြခြင်းမဟုတ်သဖြင့် သန့်ရှင်းသပ်ရပ်မှုမရှိခဲ့ချေ။ ထို့ကြောင့် ရန်ကုန်မြို့ကို ကမ္ဘာ့အဆင့်မီ မြို့တော်ကြီးအဖြစ် တည်ဆောက်ရန် မဟာရန်ကုန်မြို့တော် တည်ဆောက်ရေးစီမံကိန်းကို ၁၉၅၄ ခုနှစ်တွင် ရေးဆွဲခဲ့သည်။

သို့သော် လေးနှစ်ကြာသည့်တိုင် ၎င်းစီမံကိန်းကို အကောင်အထည်မဖော်နိုင်ခဲ့ဘဲ အိမ်စောင့်အစိုးရလက်ထက်၊ ၁၉၅၈ ခုနှစ်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက သာကေတ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ ဟူသည့် မြို့သစ်သုံးမြို့ကို တည်ဆောက်ခဲ့သည်။ မြို့သစ်စီမံကိန်းနှင့်အတူ ပုသိမ်ညွှန့်မီးရထားတံတားဟောင်းကို တစ်လမ်းမောင်းမော်တော်ကားလမ်းအဖြစ် ပြုပြင်တည်ဆောက်ခဲ့ကာ ရောဝဏ်လမ်း၊ မင်းနန္ဒာလမ်း၊ မြင်တော်သာလမ်း၊ ယမုံနာလမ်း၊ ရွှေခင်းသာလမ်းနှင့် အရှေ့မြို့ပတ်လမ်းများ၊ ကန့်လန့်ဖြတ်လမ်းများကို အကွက်ချကာ ဖောက်လုပ်ခဲ့သည်။ ထို့နောက် ရပ်ကွက်များသတ်မှတ်၍ ပုဇွန်တောင်၊ ထင်းပုံဆိပ်၊ ကျီတော်၊ ပေတောကုန်း၊ စက်ဆန်း၊ အမဲဈေး၊ ပုသိမ်ညွှန့်၊ တာမွေနတ်ချောင်းနှင့် အခြားမြို့နယ်များမှ ကျူးကျော်အကွက်များကိုဖျက်သိမ်းပြီး သာကေတမြို့သစ်တွင် ပြန်လည်နေရာချထားခဲ့သည်။

သာကေတမြို့နယ်တွင်နေထိုင်ကြသူများ သောက်သုံးရေသုံးစွဲနိုင်ရန် ဂျီးဖြူရေလှောင်ကန်မှရေကို ပိုက်များဖြင့်သွယ်တန်းပေးပြီး ရပ်ကွက်တိုင်းရှိလမ်းထိပ်များတွင် အုတ်ရေကန်များကို ပြုလုပ်ပေးခဲ့သည်။

ပ. ထ. စ(ပြည်ထောင်စု)အစိုးရလက်ထက် (၁၉၆၀-၁၉၆၂)တွင် သာကေတစက်မှုလက်မှုရပ်ကွက်



သာကေတတံတားနှင့် ဘေးချင်းယှဉ်လျက် ဒေါပုံတံတားသစ်ကိုတွေ့ရစဉ်။

ကိုဖော်ထုတ်ခဲ့ပြီး မော်တင်ကီလီဈေးတစ်ဝိုက်မှ ငါးပိ၊ ငါးခြောက်ပွဲရုံများကို ပြောင်းရွှေ့နေရာချထားခဲ့သည်။ စက်မှုလက်မှုရပ်ကွက်တွင် ဗမာ့သင်္ဘောဆေးစက်ရုံ၊ ရွှေခြင်္သေ့ကော်ဖီစက်ရုံ၊ ဟံသာအေးနိုင်လွန်အထည်စက်ရုံ၊ ပွင့်ကောင်းငံပြာရည်စက်ရုံ၊ ကြက်ဆင်ဖဲထီးစက်ရုံ၊ အဏ္ဏဝါဆားစက်ရုံ စသည့်စက်ရုံများကို ဖွင့်လှစ်လည်ပတ်ခဲ့သည်။

**သာကေတမြို့နယ်မှ တံတားကြီး ကိုးစင်း**

မြစ်ချောင်းများဝန်းရံနေသည့် သာကေတမြို့သစ်သို့ သွားလာရေးလွယ်ကူချောမွေ့စေရန် ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်ကိုဆက်သွယ်သည့် သာကေတတံတားကို ကိုလံဘိုစီမံကိန်းအရ ကနေဒါနိုင်ငံ၏ အကူအညီဖြင့် ၁၉၆၆ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

သာကေတတံတား၏ အလယ်ခန်းပွင့်နှစ်ခုကို အရှင်ပြုလုပ်ထားသဖြင့် တံတားအောက်မှ သင်္ဘောကြီးများ ဖြတ်သန်းချိန်တွင် တံတားအလယ်ခန်းပွင့်ကြမ်းခင်းနှစ်ခုကိုအပေါ်သို့ထောင်ကာ တံတားကိုဖွင့်ပေးခြင်းဖြင့် သင်္ဘောကြီးများကို လွယ်ကူစွာဖြတ်သန်းစေခဲ့သည်။

ထို့အတူ ဂျပန်-မြန်မာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ သာကေတမြို့နယ်နှင့် သုဝဏ္ဏကို ဆက်သွယ်သည့် သုဝဏ္ဏတံတားကို ၁၉၈၅ ခုနှစ် မေ ၁ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

သာကေတမြို့နယ်မှ သန်လျင်မြို့သို့ ဆက်သွယ်သည့် ၉၆၀၉ ပေရှည်သည့် သန်လျင်တံတားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၁၉၈၆ ခုနှစ်တွင် တည်ဆောက်ပေးခဲ့ပြီး ၁၉၉၃ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ပုဇွန်တောင်ချောင်းကိုဖြတ်ကျော်လျက် ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်သို့ ဆက်သွယ်ထားသည့် ၃၆၄၃ ပေရှည်သော မဟာဗန္ဓုလတံတားကို ၂၀၀၀ ပြည့်နှစ်ဇူလိုင် ၁၂ ရက်တွင်ဖွင့်လှစ်ခဲ့သည်။

၂၀၀၇ ခုနှစ် မေ ၂၈ ရက်တွင် သယ်န်းကျွန်းမြို့နယ်နှင့် သာကေတမြို့နယ်ကြားရှိ ငမိုးရိပ်ချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသော ပေ ၉၈၀ ရှည်သည့် ကမာကြည်တံတားကို ဖွင့်လှစ်ခဲ့သည်။ ငမိုးရိပ်ချောင်းကိုပင် ဖြတ်ကျော်တည်ဆောက်သည့် ငမိုးရိပ်(သုဝဏ္ဏ)တံတားကို မူလတံတားဟောင်းမှ ၇၅ ပေအကွာတွင် တည်ဆောက်၍ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ထိုနှစ်မှာပင် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ပုသိမ်ညွှန့်တံတားဟောင်းအနီးတွင် ၇၅၉ ပေရှည်သည့် ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)ကို တည်ဆောက်ဖွင့်လှစ်ခဲ့သည်။

ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်ကိုဆက်သွယ်သည့် သာကေတတံတားသည် သက်တမ်းနှစ် ၅၀ ကျော်ချိန်တွင် ကြံ့ခိုင်မှု လျော့နည်းလာစေသောကြောင့် ဂျပန်နိုင်ငံ၏အကူအညီဖြင့် သာကေတတံတားနှင့် ဘေးချင်းယှဉ်လျက် ဒေါပုံတံတားအသစ်ကို တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

ထို့အတူ သာကေတမြို့နယ်ကို ဖြတ်သန်းလျက် သန်လျင်တံတားကို အသုံးပြုကာ သန်လျင်မြို့သို့ အချိန်နှင့်အမျှ သွားလာနေကြသည့် မော်တော်ယာဉ်များ အလွန်များပြားလာသဖြင့် သန်လျင်တံတားအမှတ်(၃)ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် စတင်တည်ဆောက်နေပြီဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မြစ်ကူး၊ ချောင်းကူးတံတား ကိုးစင်းရှိနေသည့် သာကေတမြို့နယ်ကို ရန်ကုန်တိုင်းဒေသကြီး၏ တံတားမြို့တော်ဟုပင်ခေါ်ဆိုနိုင်မည်ဖြစ်သည်။

**သာကေတမြို့နယ်၏ အထင်ကရနေရာများ**

၁၉၉၆ ခုနှစ်မတိုင်မီက ရန်ကုန်မြို့မှ မွန်၊ တနင်္သာရီနှင့် ရခိုင်ကမ်းရိုးတန်းဒေသများသို့ သွားသည့် ပင်လယ်ကူးလူစီးနှင့် ကုန်တင်သင်္ဘောများသည် ပန်းဆိုးတန်းလမ်း ကျန်းမာရေးဆိပ်ကမ်း၌သာဆိုက်ကပ်ခဲ့ကြသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် သာကေတမြို့နယ် ရွှေခင်းသာလမ်းမ၏တောင်ဘက်ခြမ်းရှိ ပဲခူးမြစ်ကမ်းတွင် ကမ်းရိုးတန်းသွား ဆိပ်ခံဇောတံတားကို တည်ဆောက်၍ ၁၉၉၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ထိုအချိန်မှစ၍ ပို့ဆောင်ရေးဝန်ကြီးဌာန ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းသည် ဟားခါး၊ မြစ်ကြီးနား၊ တောင်ကြီး၊ သံလွင်၊ ချင်းတွင်း စသည့်ကမ်းရိုးတန်းသင်္ဘောများဖြင့် ရခိုင်ပြည်နယ်ရှိ စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူ၊ မွန်ပြည်နယ်ရှိ မော်လမြိုင်၊ တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့တို့သို့ ခရီးသည်နှင့် ကုန်စည်များကို ပို့ဆောင်ပေးခဲ့ရာ ရွှေခင်းသာရပ်ကွက်ရှိ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဆိပ်ခံတံတားသည် သာကေတမြို့နယ်၏ အထင်ကရနေရာတစ်ခုဖြစ်လာခဲ့သည်။

ယခုအချိန်တွင် သာကေတမြို့နယ်၏ အစည်ကားဆုံးနေရာသည် ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က ဖွင့်လှစ်ခဲ့သည့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာဖြစ်ကာ အမှတ်(၁)သန်လျင်တံတားအနီးတွင်တည်ရှိသည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုသွင်ပြင်လက္ခဏာများကို ဖော်ဆောင်တည်ဆောက်ပြသထားသည့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် နေ့စဉ်လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိနေသည်။

သာကေတမြို့နယ်၏ ထင်ရှားသော နေရာတစ်နေရာဖြစ်သည့် မိကျောင်းမွေးမြူရေးစခန်းကို ၁၉၇၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကာ ကမ္ဘောဒီးယားနိုင်ငံက ချစ်ကြည်ရေးလက်ဆောင်ပေးခဲ့သည့် မိကျောင်းသုံးကောင်အနက်တစ်ကောင်ကို ထိုစဉ်က ပုလဲနှင့် ငါးမွေးမြူရေးကော်ပိုရေးရှင်းကလက်ခံရယူ၍ သာကေတမိကျောင်းမွေးမြူရေးစခန်းတွင် မွေးမြူခဲ့သည်။ မိကျောင်းများကို နိုင်ငံခြားသုံးငွေရှာဖွေရန် ရည်ရွယ်ခဲ့သော်လည်း ၁၉၉၇ ခုနှစ်တွင် မိကျောင်းမွေးမြူထိန်းသိမ်းရေးနှင့်အပန်းဖြေစခန်းအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ကာ ယခုအခါတွင် မိကျောင်းကောင်ရေ ၅၀၀ ကျော်ကို မွေးမြူပြသထားသည်။

**လက်ရှိသာကေတမြို့နယ်**

မြို့တည်သက်တမ်း ၆၅ နှစ်ကျော်ခဲ့ပြီဖြစ်သည့် သာကေတမြို့နယ်ကို ရပ်ကွက် ၁၉ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး မြို့နယ်အတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်ထိ စာရင်းများအရ သာကေတမြို့နယ်၌ အိမ်ခြေ ၃၂၅၇၉ လုံးနှင့် အိမ်ထောင်စု ၄၅၈၅၁ စု ရှိသည်။ သာကေတမြို့နယ်၏လူဦးရေသည် ၂၀၇၄၄၁ ဦးဖြစ်၍ ဗမာလူမျိုးများက ၈၁ ဒသမ ၈၃ ရာခိုင်နှုန်း (၁၆၉၇၅၄ ဦး)ဖြစ်သည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏မှတ်တမ်းများအရ သာကေတစက်မှုဇုန်တွင် စက်ရုံ ၂၃ ရုံဖွင့်လှစ်ကာ လုပ်ငန်းများလည်ပတ်နေပြီး မြို့နယ်အတွင်း၌ နိုင်ငံပိုင်စက်ရုံ သုံးရုံ၊ ပုဂ္ဂလိကပိုင် ဆီအုန်းစက်ရုံ၊ ပုဂ္ဂလိကပိုင်အလုပ်ရုံ ၁၁ ရုံနှင့် အိမ်တွင်းစက်မှုလုပ်ငန်းရှစ်ခုကို တည်ထောင်ဖွင့်လှစ်ထားသည်။

တိုးတက်စည်ပင်သည့် မြို့နယ်တစ်မြို့နယ်ဖြစ်သည့်အားလျော်စွာ သာကေတမြို့နယ်တွင် အစိုးရအထက်တန်းကျောင်း ခြောက်ကျောင်း၊ အစိုးရအလယ်တန်းကျောင်းခြောက်ကျောင်း၊ အလယ်တန်းကျောင်းခွဲတစ်ကျောင်း၊ အစိုးရမူလတန်းကျောင်း ၄၅ ကျောင်းကို ဖွင့်လှစ်ထားသည်။

မြို့နယ်နေပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် သာကေတအဝိုင်းအနီးတွင် ၁၆ ခုတင်ဆံ့ဆေးရုံကို ၁၉၈၆ ခုနှစ် ဇူလိုင်လတွင် ဖွင့်လှစ်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် သာကေတမြို့နယ်ပြည်သူ့ဆေးရုံအဖြစ်တိုးချဲ့၍ ၂၀၁၀ ပြည့်နှစ် ဩဂုတ် ၅ ရက်တွင် ခုတင် ၁၀၀ ဆံ့ အထူးကုဆေးရုံအဖြစ် တိုးမြှင့်ခဲ့သည်။

ရန်ကုန်မြို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပံ့ပိုးပေးနိုင်ရန် သာကေတသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံနှင့် ကိုရီးယားသမ္မတနိုင်ငံ၏ အကူအညီဖြင့် U Energy လျှပ်စစ်ဓာတ်အားပေးစက်ရုံကို သာကေတမြို့နယ်တွင် တည်ဆောက်ခဲ့သည်။

ရန်ကုန်မြို့၏မြို့သစ်တစ်မြို့ဖြစ်ခဲ့သည့် သာကေတမြို့နယ်သည် ဆယ်စုနှစ်ခြောက်ခုအတွင်း ဖွံ့ဖြိုးစည်ပင်ခဲ့ကာ စီးပွားရေးအချက်အချာကျသည့် မြို့နယ်တစ်မြို့နယ်ဖြစ်လာခဲ့ပြီး အနာဂတ်ကာလတွင်လည်း ဆက်လက် ဖွံ့ဖြိုးစည်ပင်တိုးတက်နေမည်သာဖြစ်ပါသည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၁)
- သာကေတမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ယခုနှစ်တွင် မြန်မာ့ပင်လယ်ပြင် ငါးမဖမ်းရရာသီကို ဧပြီလမှ ဇွန်လထိ သတ်မှတ်

**ထားဝယ် မတ် ၂၈**

ယခုနှစ်တွင် မြန်မာ့ပင်လယ်ပြင် ငါးမဖမ်းရရာသီကို လာမည့် ဧပြီလမှ ဇွန်လထိ သတ်မှတ်ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန (တနင်္သာရီတိုင်းဒေသကြီး)တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ညီတိုးက ပြောပြ၍ သိရသည်။

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးမဖမ်းရရာသီကို ၂၀၂၀ ခုနှစ်တွင် မေလမှ ဇူလိုင်လထိ၊ ၂၀၂၂ ခုနှစ်တွင် ဧပြီလမှ ဇွန်လထိ သတ်မှတ်ထားပြီး ယခုနှစ်တွင်လည်း မြန်မာ့ပင်လယ်ပြင်အတွင်း ငါးမဖမ်းရရာသီကို ဧပြီလမှ ဇွန်လထိ သတ်မှတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

"ငါးမဖမ်းရရာသီမှာ ကမ်းဝေးငါးဖမ်းလှေတွေ ရပ်နားပြီးတော့ ကမ်းနီးကရတဲ့ ငါး၊ ပုစွန်ရေထွက်ကုန်တွေကိုပဲ ပြည်တွင်းစားသုံးပြီး ပို့လျှံတာကိုပြည်ပတင်ပို့မှာဆိုတော့ အဲဒီကာလ ပို့ကုန်တော့နည်းသွားမယ်။ ငါးဖမ်းရာသီဖွင့်တဲ့ကာလမှာ ငါးသယ်လှေ ၂၆ စီးလောက်တင်ပို့ရပေမဲ့ ရာသီပိတ်ကာလမှာတော့ တစ်ရက်ကို ငါးစီးလောက်ပဲ တင်ပို့နိုင်မယ်"ဟု ဦးအောင်ညီတိုးက ပြောပြသည်။

အဆိုပါ ငါးမဖမ်းရရာသီကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ကမ်းဝေးငါးဖမ်းလှေများအနေဖြင့် ငါးဖမ်းလုပ်ငန်းများ ရပ်နားရမည်ဖြစ်ပြီး ကမ်းနီးငါးဖမ်းလှေများကိုသာ ငါးဖမ်းဆီးခွင့် ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း တရားဝင်မှတ်ပုံတင်ထားသည့်ကမ်းဝေးငါးဖမ်းလှေများအနေဖြင့် 'တ' လိုင်စင်ရ ဂရမ်ကြီး ကမ်းဝေးငါးဖမ်းလှေ ၈၈၄ စီး၊ ဒေသခံကမ်းဝေး 'တဝ'လိုင်စင်ရ ကမ်းဝေးငါးဖမ်းလှေ ၅၀၇ စီးနှင့် ကမ်းဝေးလိုင်စင်ရှိ ငါးသယ်လှေ(လိုင်းဖြူ) ၁၂၂ စီး စုစုပေါင်း ၁၅၁၃ စီးရှိပြီး တရားဝင်လိုင်စင် ထုတ်ပေးထားသော ကမ်းနီးငါးဖမ်းလှေများမှာ ၇၉၂၇ စီးရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၌ တရားဝင်လိုင်စင်ရှိသည့် ကမ်းဝေးငါးဖမ်းလှေအစီးရေ ၁၅၀၀ ကျော်ရှိပြီး မြန်မာနိုင်ငံ၌ အများဆုံးဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ ကမ်းဝေးငါးဖမ်းလှေ ၁၇၀၀ ကျော်ရှိကြောင်း၊ ကမ်းဝေးငါးဖမ်းလှေ တစ်စီးလျှင် လှေအရွယ်အစားနှင့် အမျိုးအစားအပေါ် မူတည်၍ လှေလုပ်သား ၁၅ ဦးမှ ဦးရေ ၄၀ ခန့်ထိပါရှိကြောင်း သိရသည်။

ASH



# ပုသိမ်မြို့နယ် မကျီးဇင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ် မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မကျီးဇင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို မတ် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်နေပြည်သူများလိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး ရန်ပုံငွေကျပ် ၅၅ ဒသမ ၈ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက မကျီးဇင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၁၄ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၁ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ်၂၁ ဒသမ ၆ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ရှစ်သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့်စီမံကိန်းတာဝန်ခံများ၊ မကျီးဇင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သံသာ**

# စာဖတ်ခြင်းဖြင့် လှုဂုဏ်မြှင့်စို့

- အသိမြင့်မား တိုးဖို့လျှင်
  စာတွေဖတ်မှပင်
  မပြတ်ရှုမြင် ပွားများမှ
  တွေးခေါ်မြင့်မည်ပ။

- စာပေထဲမှ သုတတွေ
  ဖတ်တိုင်း ရမည်ပေ
  ဆည်းပူးရှာဖွေ စွဲမှတ်ကျင့်
  ဘဝပွဲလယ်တင့်။

- တွေးခေါ်ချိန်ချင့် စွမ်းဖို့ရာ
  ဖတ်မှတ်နေမှသာ
  ကောင်းဆိုးသေချာ ပိုင်းခြားတတ်
  ဆုံးဖြတ်မှန်မည်မှတ်။

- စာဖတ်သူနှင့် မဖတ်သူ
  တွေးခေါ်ပုံချင်းမတူ
  ကြောင်းကျိုးအယူ မူဟန်ကွဲ
  ခြားနားနေလေမြဲ။

- လူ့ဘောင်နယ်ထဲ လှမ်းစဉ်ခါ
  မှားမှန်ကြုံကြမှာ
  အားနည်း အားသာ ထိန်းကျောင်းညှိ
  စာပေစွမ်းနှင့်ဖြည့်။


- ကိုယ့်ဆန္ဒကြည့်အဟုတ်ထင်
  လမ်းလွဲလျှောက်ကာပင်
  ထောက်ပြရှုမြင် လင်းရောင်ပွင့်
  ရလဒ်ကောင်းတွေဆင့်။

- ကြီးမြတ်ဂုဏ်မြင့် တင့်ဖို့ရွယ်
  စာပေဘဏ်တိုက်ဝယ်
  သုံးမကုန်ဖွယ် တန်ဖိုးများ
  ရယူမျှဝေပွား။

- အလှဝင့်ကြွား မြှင့်လိုလျှင်
  စာဖတ်မွေ့စေချင်
  အသိ သတိယှဉ်မြင့်မားဖို့
  စာပေတန်ဖိုး သိထားမို့
  အားလပ်သမျှ စာဖတ်စို့။ ။

**နိုင်နိုင်နွယ်(ပညာရေး)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## နိုင်ငံတကာ သတင်းများ

# နိုင်ငံတကာရာဇဝတ်တရားရုံးနှင့် အဆက်ဖြတ်မည်ဟု ဖိလစ်ပိုင်သမ္မတ ပြောကြား

**မနီလာ မတ် ၂၈**

နိုင်ငံတကာ ရာဇဝတ်တရားရုံးနှင့် အဆက်အသံဖြတ်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက မတ် ၂၇ ရက်တွင် ကြေညာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သမ္မတဟောင်း ဒူတာတေး လက်ထက်ပြုလုပ်ခဲ့သည့် မူးယစ်ဆေးဝါးရောင်းဝယ်မှုတိုက်ဖျက်ရေး စစ်ပွဲနှင့် ပတ်သက်စုံစမ်းစစ်ဆေးမှုများ ရပ်ဆိုင်းပေးရေးအတွက် ဖိလစ်ပိုင်နိုင်ငံတင်သွင်းထားသော အယူခံကို ငြင်းပယ်ခဲ့ပြီးနောက် သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ၏ အဆိုပါ ကြေညာချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

သမ္မတဟောင်း ဒူတာတေး လက်ထက်တွင် ဖိလစ်ပိုင်အစိုးရသည် တရားမဝင်မူးယစ်ဆေးဝါး ရောင်းဝယ်မှုများကို ပြင်းထန်စွာ နှိမ်နင်းခဲ့ရာ အောက်ခြေအဆင့် မူးယစ်ဆေးဝါးရောင်းချသူများနှင့် သုံးစွဲသူများအပါအဝင် ဖိလစ်ပိုင်ပြည်သူရာပေါင်းများစွာ သေဆုံးခဲ့ရသည်။

မူးယစ်တိုက်ဖျက်ရေး စစ်ပွဲအတွင်း ဖိလစ်ပိုင်အစိုးရအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ပြုလုပ်ခဲ့ကြောင်း စွပ်စွဲချက်များရှိခဲ့ရာ ယင်းစွပ်စွဲချက်များကို အိုင်စီစီက စုံစမ်းစစ်ဆေးလျက်ရှိသည်။

သို့သော် စုံစမ်းစစ်ဆေးမှု ရပ်ဆိုင်းပေးရေးအယူခံကို ငြင်းပယ်ခဲ့ပြီးနောက် အိုင်စီစီနှင့်ပူးပေါင်းဆောင်ရွက်မှုမှန်သမျှရပ်ဆိုင်းမည်ဖြစ်ကြောင်း လက်ရှိဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

သမ္မတ ဒူတာတေးလက်ထက် ၂၀၁၈ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသည် အိုင်စီစီဖွဲ့စည်းတည်ထောင်မှုစာချုပ်ဖြစ်သော ရောမစာချုပ်မှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

KKO

# အမေရိကန်စာသင်ကျောင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား ကလေးသုံးဦးအပါအဝင် ခြောက်ဦးသေဆုံး

**နယူးယောက် မတ် ၂၈**

အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ် နက်ရှ်ဗီးမြို့၌ မတ် ၂၇ ရက်က သေနတ်ပစ်ခတ်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ ကလေးသုံးဦးနှင့် အရွယ်ရောက်သူ သုံးဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ သေနတ်ပစ်ခတ်မှုသည် ပုဂ္ဂလိက ခရစ်ယာန်စာသင်ကျောင်းတစ်ကျောင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပစ်ခတ်မှုကျူးလွန်သူမှာလည်း ယင်းကျောင်း၌ ပညာသင်ခဲ့ဖူးကြောင်း နက်ရှ်ဗီးမြို့ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ပစ်ခတ်မှု ကျူးလွန်ခဲ့သော အော်ဒရီအဲလစ်ဇဘတ်ဟာလီအမည်ရှိ သေနတ်သမားမှာလည်း ရဲတပ်ဖွဲ့၏ ဖမ်းဆီးပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ်ရှိ အော်ဒရီအဲလစ်ဇဘတ်ဟာလီသည် လိင်ခွဲစိတ်ပြောင်းလဲထားသူ တစ်ဦးဖြစ်ကြောင်း နက်ရှ်ဗီးမြို့ ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အော်ဒရီအဲလစ်ဇဘတ်ဟာလီအနေဖြင့် စာသင်ကျောင်းပစ်ခတ်မှု အဘယ်ကြောင့်ကျူးလွန်ခဲ့ရသည်ကို မသိရသေးကြောင်း သိရသည်။

အဆိုပါ သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် သေနတ်ကိုင်ဆောင်မှု ဥပဒေများကို တင်းကျပ်ရန် အမေရိကန်သမ္မတ ဂျိုဘိုင်ဒင်က ကွန်ဂရက်လွှတ်တော်ကိုတိုက်တွန်းထားကြောင်း သိရသည်။

KKO




# စူပါဆိုးနစ်သင်္ဘောဖျက်ခရစ်ဒုံးကျည်များ ဂျပန်ပင်လယ်၌ ရုရှားရေတပ်စမ်းသပ်




**မော်စကို မတ် ၂၈**

ရုရှားရေတပ်သည် ဂျပန်ပင်လယ်ဒေသ၌ အသံထက်မြန်နှုန်းဖြင့် စူပါဆိုးနစ်သင်္ဘောဖျက်ဒုံးကျည်များကို စမ်းသပ်ပစ်လွှတ်ခဲ့သည်ဟု ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ဂျပန်ပင်လယ် ရေပြင်အတွင်း ရုရှားရေတပ်မှ စစ်သင်္ဘောများသည် ပစ်မှတ်တုများ သုံး၍ မော့ခ်ကစ်အမျိုးအစား စူပါဆိုးနစ်သင်္ဘောဖျက်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့ကြကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက မတ် ၂၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ စမ်းသပ်ပစ်ခတ်မှုအတွင်း ၆၂ ဒသမ ၁၄ မိုင်အကွာတွင် နေရာချထားသော ပစ်မှတ်တုကို မော့ခ်ကစ်ဒုံးကျည်နှစ်စင်းစလုံးက တိုက်ရိုက်ထိမှန်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

ပီ-၂၇၀ မော့ခ်ကစ်သင်္ဘောဖျက်ဒုံးကျည်များသည် ၇၅ မိုင်အကွာအဝေးအတွင်းရှိ သင်္ဘောများကို တိုက်ရိုက်ဖျက်ဆီးနိုင်သည့် ဆိုဗီယက်ခေတ် တာလတ်ပစ်ခရုစ်ဒုံးကျည်များဖြစ်သည်။

ဂျပန်ပင်လယ်အတွင်း ပြုလုပ်နေသော ရုရှားရေတပ်စစ်ရေးလှုပ်ရှားမှုများကို သတိဖြင့်စောင့်ကြည့်နေကြောင်း ရုရှားရေတပ်က မော့ခ်ကစ်ဒုံးကျည်များစမ်းသပ်ပြီးနောက် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုရှိမာဆာဟာယာရှိက ပြောကြားထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း ရုရှားလေတပ်မှ မဟာဗျူဟာဗုံးကြဲလေယာဉ်များသည် ဂျပန်ပင်လယ်ဒေသ၌ ကင်းလှည့်ပျံသန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

KKO

# ဟွာစန်-၃၁ အမည်ရှိ နျူကလီးယားထိပ်ဖူးသစ်များ မြောက်ကိုရီးယားထုတ်ဖော်ပြသ



**ပြုံယမ်း မတ် ၂၈**

မြောက်ကိုရီးယား အစိုးရပိုင်ကေစီအင်န်အေရုပ်သံသတင်းဌာနသည် ယနေ့တွင် အရွယ်အစားချုံ့ထားသော နျူကလီးယားထိပ်ဖူးသစ်များကို ပြသခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက ယခုနောက်ဆုံး ထုတ်ဖော်ပြသခဲ့သော နျူကလီးယား ထိပ်ဖူးသစ်များကို ဟွာစန်-၃၁ ဟု အမည်ပေးထားကြောင်း သိရသည်။

ဟွာစန်-၃၁ နျူကလီးယားထိပ်ဖူးများသည် ဒုံးကျည်နှင့်ရေငုပ်သင်္ဘောအပါအဝင် နည်းလမ်းစစ်လက်နက်ယန္တရားစနစ် ရှစ်မျိုးတို့တွင် အသုံးချရေးအတွက် ရည်ရွယ်တည်ဆောက်ထားသော ထိပ်ဖူးများဖြစ်နိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် မတ် ၂၇ ရက်တွင် နျူကလီးယားလက်နက်သုတေသနအင်စတီကျုသို့ သွားရောက်၍ ဟွာစန်-၃၁ နျူကလီးယားထိပ်ဖူးအပါအဝင် နည်းဗျူဟာမြောက် လက်နက်သစ်များကို စစ်ဆေးခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

တောင်ကိုရီးယား နိုင်ငံသို့ အမေရိကန်ရေတပ်မှ ယူအက်စ်အက်စ်နီမစ်ဇ်လေယာဉ်တင်သင်္ဘောရောက်ရှိနေချိန်တွင် မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားထိပ်ဖူးသစ်များကို ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် မတ် ၂၅ ရက်မှ ၂၇ ရက်ထိ နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်သည့် မောင်းသူမဲ့တိုက်ပွဲဝင်ရေငုပ်ယာဉ်ကို စမ်းသပ်ခဲ့ကြောင်း သိရသည်။

KKO

# မက္ကဆီကိုနယ်စပ်ရွှေ့ပြောင်းဝင်ရောက်သူ ခိုလှုံရေးစခန်း မီးလောင်ကျွမ်းမှုကြောင့် အနည်းဆုံး ၃၉ ဦးသေဆုံး

**မက္ကဆီကိုစီးတီး မတ် ၂၈**

မက္ကဆီကိုနိုင်ငံ မြောက်ပိုင်းဆီယူဒက်ဂျူအာရက်ဇ် နယ်စပ်မြို့ရှိ ရွှေ့ပြောင်းဝင်ရောက်သူများ ခိုလှုံရေးစခန်းတစ်ခု၌ ယနေ့တွင် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံးရွှေ့ပြောင်းဝင်ရောက်သူ ၃၉ ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မီးလောင်မှု ဖြစ်ပွားခဲ့သော ရွှေ့ပြောင်းဝင်ရောက်သူ ခိုလှုံရေးစခန်း၌ အမေရိကအလယ်ပိုင်းနှင့် တောင်ပိုင်းတို့မှ အရွယ်ရောက် ရွှေ့ပြောင်းဝင်ရောက်သူ ၆၈ ဦး နေထိုင်ကြောင်း မက္ကဆီကိုအစိုးရ အမျိုးသားလူဝင်မှုကြီးကြပ်ရေးဌာနက သတင်းထုတ်ပြန်ထားသည်။

ရွှေ့ပြောင်းဝင်ရောက်သူ ခိုလှုံရေးစခန်း မီးလောင်ကျွမ်းမှုအတွင်း လူပေါင်း ၂၉ ဦးလည်း ဒဏ်ရာရခဲ့ရာ ဆေးရုံများသို့ ပို့ဆောင်ပေးထားရကြောင်း မက္ကဆီကိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဆီယူဒက်ဂျူအာရက်ဇ် ရွှေ့ပြောင်းဝင်ရောက်သူခိုလှုံရေးစခန်း မီးလောင်မှုသည် ပြီးခဲ့သည့်နှစ်များအတွင်း မက္ကဆီကိုနိုင်ငံ၌ ဖြစ်ပွားခဲ့သော အသေအပျောက်အများဆုံး မီးလောင်ကျွမ်းမှုများထဲတွင် တစ်ခုပါဝင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့သည် နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် ရွှေ့ပြောင်းဝင်ရောက်သူများ ဖြတ်သန်းမှု စံချိန်တင်မြင့်တက်လာမှုပြဿနာနှင့် ရင်ဆိုင်နေရသည်။

ဗဟိုအမေရိက နိုင်ငံများနှင့် အမေရိက တောင်ပိုင်းနိုင်ငံများမှ ရွှေ့ပြောင်းဝင်ရောက်သူများသည် အမေရိကန်နိုင်ငံ အတွင်းသို့ ဝင်ရောက်ရာတွင် မက္ကဆီကိုနယ်စပ်မှတစ်ဆင့် ဝင်ရောက်တတ်ကြကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## မြို့ကြီးတစ်မြို့ကိုဖျက်ဆီးနိုင်လောက်သည့် အရွယ်အစားကြီးမားသော 2023 DZ-2 ဂြိုဟ်သိမ် ကမ္ဘာနှင့်လကြားပတ်လမ်းကို ဖြတ်ကျော်ပျံသန်း



**ဝါရှင်တန် မတ် ၂၈**

မြို့ကြီးတစ်မြို့ကို ဖျက်ဆီးနိုင်လောက်သည့် အရွယ်အစားကြီးမားသော 2023 DZ-2 ဂြိုဟ်သိမ်သည် မတ် ၂၆ ရက်က ကမ္ဘာနှင့်လကြားပတ်လမ်းကို ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၂၇ ရက်က ရေးသားတင်ပြထားသည်။

သိပ္ပံပညာရှင်များ ခန့်မှန်းထားသကဲ့သို့ပင် 2023 DZ-2 ဂြိုဟ်သိမ်သည် ကမ္ဘာမြေကို ကီလိုမီတာ ၁၇၅၀၀၀ အကွာမှ ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း သိရသည်။

2023 DZ-2 ဂြိုဟ်သိမ်ပတ်လမ်းသည် လပတ်လမ်းထက်ပင် ကမ္ဘာနှင့်ပိုနီးခဲ့သော်လည်း အဆိုပါဂြိုဟ်သိမ်သည် ကမ္ဘာမြေကို လွတ်ကင်းကင်း ဖြတ်ကျော်သွားကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များက ပြောကြားသည်။

အရွယ်အစားအားဖြင့် အလျားပေ ၁၆၀ ခန့်ရှိနိုင်သော 2023 DZ-2 ဂြိုဟ်သိမ်ကို ပြီးခဲ့သည့်လကမှ အမေရိကန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုမျှ အရွယ်အစားကြီးမားသည့် ဂြိုဟ်သိမ်တစ်စင်း ကမ္ဘာနှင့် လကြားမှ ဖြတ်သန်းမှုသည် ၁၀ နှစ်လျှင် တစ်ကြိမ်သာဖြစ်တတ်သော အဖြစ်အပျက်မျိုးဖြစ်တတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

2023 DZ-2 ဂြိုဟ်သိမ်သည် ၂၀၂၆ ခုနှစ်တွင် ကမ္ဘာ၏နေပတ်လမ်းအတွင်း ထပ်မံဝင်ရောက်ဦးမည်ဖြစ်ကြောင်း သိရသည်။

KKO

## လကမ္ဘာပေါ်၌တည်ရှိနေသော ရေဓာတ်အရင်းအမြစ်သစ်တစ်မျိုးကို တရုတ်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ပေကျင်း မတ် ၂၈**

လကမ္ဘာပေါ်၌ တည်ရှိနေသော ရေဓာတ်အရင်းအမြစ်သစ်တစ်မျိုးကို တရုတ်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း The Daily Mail သတင်းစာက မတ် ၂၈ ရက်က ရေးသားတင်ပြထားသည်။

တရုတ် သိပ္ပံပညာရှင်များ၏ အဆိုအရ လမျက်နှာပြင်ဥက္ကာခဲကျရောက်ရာနေရာများ၌ ရှိနေကြသည့် ဖန်စေ့ငယ်များအတွင်း ရေဓာတ်များ ခိုအောင်းနေကြောင်း သိရသည်။

တရုတ်သိပ္ပံပညာရှင်များသည် ချန်အာ-၅ မစ်ရှင်ဖြင့် ရယူထားသည့် လကမ္ဘာမြေစာနမူနာများကို လေ့လာစူးစမ်းခဲ့ရာ အထက်ပါ ဖန်စေ့ငယ်များအတွင်း ရေဓာတ်ခိုအောင်းနေသည်ကို ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

လကမ္ဘာ ဖန်စေ့ငယ်များ၏ အရွယ်အစားမှာ ဆံခြည်မျှင် တစ်မျှင် သို့မဟုတ် ဆံခြည်မျှင် အနည်းငယ်၏ အလျားသာသာမျှသာရှိပြီး ၎င်းဖန်စေ့ငယ်များ၌ ပါဝင်သည့် ရေဓာတ်ပမာဏမှာလည်း အလွန်နည်းပါးကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။



သို့ရာတွင် လကမ္ဘာပေါ်၌ ထိုကဲ့သို့ဖန်စေ့ငယ်များမှာ အရေအတွက်အားဖြင့် ဘီလီယံပေါင်းများစွာရှိနေနိုင်သည်ဖြစ်ရာ အဆိုပါ ဖန်စေ့ငယ်များမှ အထိုက်အလျောက်များပြားသော ရေဓာတ်ကို ထုတ်ယူနိုင်မည်ဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့အနေဖြင့် လကမ္ဘာပေါ်၌ လုံလောက်သည့်ရေဓာတ်ထုတ်ယူရေးအတွက် ဖန်စေ့ငယ်များစွာလိုမည်ဖြစ်သလို လပေါ်တွင်လည်း ထိုကဲ့သို့ ဖန်စေ့ငယ်များစွာရှိနေကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။ KKO

## ရုရှားနိုင်ငံ၏ ဆိုယုဇ်အာကာသလူသယ်ယာဉ်က ကမ္ဘာမြေအပြန်ခရီးအတွက် နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ခွာထွက်မည်

**မော်စကို မတ် ၂၈**

အအေးပေးစနစ် ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာနှင့် ရင်ဆိုင်ထားရသော ရုရှားနိုင်ငံ၏ ဆိုယုဇ် အာကာသ လူသယ်ယာဉ်သည် ယနေ့တွင် ကမ္ဘာမြေအပြန်ခရီးစဉ်အတွက် နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ခွာထွက်မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၂၇ ရက်က ရေးသားတင်ပြထားသည်။

အအေးပေးစနစ် ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ဆိုယုဇ်အာကာသ လူသယ်ယာဉ်သည် အာကာသယာဉ်မှူးများကို သယ်ယူနိုင်စွမ်းမရှိတော့ကြောင်း သိရသည်။

သို့ဖြစ်ရာ ဆိုယုဇ်အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းမှ ခွာထွက်ချိန်တွင် မည်သည့်အာကာသယာဉ်မှူးမျှ လိုက်ပါလာမည်မဟုတ်ကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဆိုယုဇ် အာကာသလူသယ်ယာဉ်သည် ကမ္ဘာ့လေထုလွှာအတွင်း ပြန်ဝင်ချိန်တွင် ကာဇက်စတန်နိုင်ငံ စတက်မြက်ခင်းဒေသ၌ ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် အဆိုပါ ဆိုယုဇ် အာကာသလူသယ်ယာဉ်ကို အာကာသယာဉ်မှူး သုံးဦးတို့နှင့်အတူ ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ဆိုက်ကပ်ထားစဉ် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် အအေးပေးစနစ် ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာနှင့် ရင်ဆိုင်ခဲ့ရသည်။ KKO

# HEALTH

## ရောဂါကြောင့်အမြင်အာရုံဆုံးရှုံးမှုကို တားဆီးနိုင်မည့် အိုမီဂါ-၃ ဖက်တီးအက်စစ်သစ်တစ်မျိုး ဖန်တီးထား

**နယူးယောက် မတ် ၂၈**

အယ်ဇိုင်းမားရောဂါနှင့် ဆီးချိုရောဂါအပြင် ရောဂါတချို့နှင့်ဆက်စပ်နေသည့် အမြင်အာရုံဆုံးရှုံးမှုကို တားဆီးပေးနိုင်မည့် အိုမီဂါ-၃ ဖက်တီးအက်စစ်သစ်တစ်မျိုးကို ဆေးပညာရှင်များက ဖန်တီးထားကြောင်း The Daily Mail သတင်းစာက မတ် ၂၇ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ အိုမီဂါ-၃ ဖက်တီးအက်စစ်သည် မျက်ကြောလွှာကို ဖြတ်သန်းဝင်ရောက်နိုင်ပြီး အယ်ဇိုင်းမားရောဂါကြောင့် ဖြစ်ပွားတတ်သည့် အမြင်အာရုံဆုံးရှုံးမှုကို တားဆီးပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ အီလီနွိုက်တက္ကသိုလ်မှ သုတေသန ပညာရှင်များ၏အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် Docosa Hexaenoic Acid (DHA) အမည်ရှိ အဆိုပါ အိုမီဂါ-၃ ဖက်တီးအက်စစ်ကို ဓာတ်ခွဲခန်းအတွင်း ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကြွက်များဖြင့် ပြုလုပ်ခဲ့သော လက်တွေ့စမ်းသပ်မှုရလဒ်များအရ DHA အိုမီဂါ-၃ ဖက်တီးအက်စစ်သည် ၎င်းကြွက်များ၏အယ်ဇိုင်းမားရောဂါကြောင့် အမြင်အာရုံထိခိုက်ပျက်စီးမှုကို ရာနှုန်းပြည့်နီးပါး လျော့ချပေးနိုင်ခဲ့ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

DHA အိုမီဂါ-၃ ဖက်တီးအက်စစ်သည် အူလမ်းကြောင်းမှတစ်ဆင့် သွေးလည်ပတ်မှုစနစ်အတွင်း ဝင်ရောက်၍ မျက်ကြောလွှာအတွင်း ဆက်လက်ဝင်ရောက်နိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

အယ်ဇိုင်းမားရောဂါကြောင့် အမြင်အာရုံ ထိခိုက်ပျက်စီးမှုသည် ကမ္ဘာပေါ်၌အဖြစ်အများဆုံး အမြင်အာရုံကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်ကြောင်း သိရသည်။

KKO

## ပန်းနာရင်ကျပ်နှင့် နှင်းခူနာဖြစ်ပွားနေသူများ၌ အရိုးပွရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် မတ် ၂၈**

ပန်းနာရင်ကျပ်နှင့် နှင်းခူနာရောဂါဖြစ်ပွားနေသူများ၌ အရိုးပွရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မတ် ၂၇ ရက်က ရေးသားတင်ပြထားသည်။

ပန်းနာရင်ကျပ်ရောဂါ၊ နှင်းခူနာရောဂါများနှင့် အရိုးပွရောဂါဖြစ်ပွားနိုင်ခြေတို့ကြား ဆက်စပ်မှုရှိနေသည်ကို အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားခြင်းဖြစ်သည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ ပန်းနာရင်ကျပ် သို့မဟုတ် နှင်းခူနာတစ်ခုခုခံစားနေရသူများ၌ လာမည့် ၁၀ နှစ်အတွင်း အရိုးပွရောဂါဖြစ်နိုင်ခြေ ၅၈ ရာခိုင်နှုန်း မြင့်တက်နေတတ်ကြောင်း သိရသည်။

အလားတူ ပန်းနာရင်ကျပ်နှင့် နှင်းခူနာနှစ်မျိုးလုံး ခံစားနေရသူများတွင်မူ အရိုးပွရောဂါဖြစ်နိုင်ခြေမှာ ၁၁၅ ရာခိုင်နှုန်းထိမြင့်တက်နေတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ အရိုးပွရောဂါဖြစ်နိုင်ခြေကို ရှိရင်းစွဲဆေးများဖြင့် လျော့ချနိုင်မည့် နည်းလမ်းကို ရှာဖွေရေးအတွက် အထောက်အကူပေးနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အရိုးပွရောဂါလူနာ ၃၀၀၀၀၀ ကျော်ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ခံစစ်ကစားသမားအယ်မာဆန် ဒူးဒဏ်ရာ ခွဲစိတ်ရမည်ဟု စပါးအသင်းထုတ်ပြန်

**လန်ဒန် မတ် ၂၈**

ခံစစ်ကစားသမား အယ်မာဆန်သည် ပြီးခဲ့သည့် မတ် ၂၆ ရက်က ကစားခဲ့သည့် ဘရာဇီးအသင်းနှင့် မော်ရိုကိုအသင်းတို့ ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့သဖြင့် ဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ကြောင်း စပါးအသင်းက ထုတ်ပြန်ကြေညာခဲ့သည်ဟု Channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ ခံစစ်ကစားသမားအယ်မာဆန်သည် မော်ရိုကိုအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ချစ်ကြည်ရေး ခြေစမ်းပွဲစဉ်၏ ပွဲထွက်ကစားသမားစာရင်းတွင် ပါဝင်လာခဲ့ပြီး ခြေစွမ်းပြသကစားနိုင်ခဲ့သော်လည်း နာကျင်အချိန် မိနစ် ၉၀ ကျော်တွင် ဒူးဒဏ်ရာပြဿနာကြောင့် အသင်းဖော်ကစားသမား အာသာနှင့် လူစားလဲထွက်ခွာခဲ့ရကာ စပါးအသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင် ၎င်း၏ဒဏ်ရာကို စကန်ဖတ်စစ်ဆေးခဲ့ရာ ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ကြောင်း စပါးအသင်းက ထုတ်ပြန်ခဲ့သည်။

စပါးအသင်း ဘုတ်အဖွဲ့က "ကျွန်တော်တို့ ကစားသမားအယ်မာဆန်ဟာဘရာဇီးအသင်းအတွက် ကစားပေးခဲ့တဲ့ ခြေစမ်းပွဲစဉ်မှာ ဒူးဒဏ်ရာ ရရှိခဲ့တာဖြစ်ပါတယ်။ အသင်းအနေနဲ့ လိုအပ်တဲ့ စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ချိန်မှာ သူ့ဒဏ်ရာ ပြင်းထန်တာကြောင့် ခွဲစိတ်ကုသမှုခံယူရမှာပါ။ သူ့အနေနဲ့ ဒဏ်ရာပြန်လည် ကောင်းမွန်ဖို့အတွက် ကာလတစ်ခုထိ အနားယူရမှာဖြစ်ပေမဲ့ အသင်းဆေးအဖွဲ့က တော့ အတိအကျထုတ်ပြန်ခြင်းမရှိသေးပါဘူး" ဟု ပြောကြားခဲ့သည်။

စပါးအသင်းသည် ယခုနှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် ရမှတ် ၄၉ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၄) နေရာတွင် ရပ်တည်နေပြီး ချန်ပီယံလိဂ်ဝင်ခွင့် ရရှိရန်အတွက် မန်ယူအသင်း၊ နယူးကာဆယ်အသင်း၊ လီဗာပူးအသင်းတို့နှင့် အကြိတ်အနယ် ယှဉ်ပြိုင် ကစားနေရကြောင်း သိရသည်။ ML




## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းက တိုက်စစ်မှူးရက်ရှ်ဖို့ဒ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေသော်လည်း ကြန့်ကြာမှုရှိနေသောကြောင့် ပီအက်စ်ဂျီအသင်းက ကစားသမားအတွက် တစ်ပတ်လုပ်ခ စတာလင်ပေါင် ၄၀၀၀၀၀ ပေး၍ ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်ခဲ့သည်။
- အင်တာမီလန်အသင်းကွင်းလယ်ကစားသမား ကယ်ဟာနိုဂလူက အသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်ထိစာချုပ်သက်တမ်းတိုးခဲ့ကြောင်း သိရသည်။
- ဘဏ္ဍာရေးအကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည့် ဘာစီလိုနာအသင်းက တိုက်စစ်မှူး ဖာတီကိုလာမည့်နွေရာသီတွင် ရောင်းချရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ML

# အင်္ဂလန်အသင်းတိုက်စစ်မှူးဟယ်ရီကိန်းက သွင်းဂိုး ၁၀၀ ပြည့်မြောက်ရန် မျှော်မှန်းထားကြောင်းပြောကြား



**အင်္ဂလန် မတ် ၂၈**

ပြီးခဲ့သည့် မတ် ၂၇ ရက်က ကစားခဲ့သည့် အင်္ဂလန်အသင်းက ယူကရိန်းအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွင် ဟယ်ရီကိန်းက အင်္ဂလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း သွင်းဂိုး ၁၀၀ ထိသွင်းယူနိုင်ရန် မျှော်မှန်းထားကြောင်း ပြောကြားခဲ့သည်ဟု ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ယူကရိန်းအသင်းနှင့် ပွဲစဉ်မတိုင်မီကသွင်းဂိုး ၅၄ ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ဂိုးသွင်းအများဆုံး ကစားသမားဖြစ်သည့် တိုက်စစ်မှူးဟောင်းရွန်းနီ၏ ၅၃ ဂိုးစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီး ယူကရိန်းအသင်းနှင့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ၅၅ ဂိုးထိရှိလာခဲ့ပြီးနောက် အင်္ဂလန်အသင်းအတွက် သွင်းဂိုး ၁၀၀ ထိ သွင်းယူနိုင်ရန် ရည်မှန်းထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၂၉ နှစ်ရှိ တိုက်စစ်မှူးဟယ်ရီကိန်းက "ကျွန်တော့်အနေနဲ့ သွင်းဂိုးတွေကို ရေတွက်မထားပေမဲ့လဲ အင်္ဂလန်အသင်းအတွက် သွင်းဂိုး ၁၀၀ ထိသွင်းယူနိုင်ဖို့ မျှော်မှန်းထားပါတယ်။ လက်ရှိမှာတော့ နိုင်ငံအသင်းအတွက် ၅၅ ဂိုးထိ ရှိလာတာကြောင့် နောက်တစ်ဆင့်အနေနဲ့ ၄၅ ဂိုးပြည့်ဖို့ပဲ အာရုံစိုက်ရမှာပါ။ ကျွန်တော့်အသက်အရွယ်နဲ့ကြံ့ခိုင်မှုအခြေအနေတွေကြောင့် အသင်းအတွက် ကာလရှည်ကစားပေးဖို့ ကြိုးစားနေပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

# ချဲလ်ဆီးအသင်းက ကွင်းသစ်တည်ဆောက်နေသည့်ကာလတွင် အိမ်ကွင်းအဖြစ် ဝက်စ်ဟမ်းအသင်းနှင့်လန်ဒန်အားကစားကွင်းကို ပူးတွဲအသုံးပြုရန်ပြင်ဆင်နေ

**လန်ဒန် မတ် ၂၈**

ချဲလ်ဆီးအသင်းက လက်ရှိအိမ်ကွင်း စတန်းဖို့ဒ်ဘရစ် အားကစားကွင်းကို အသစ်ပြုပြင်တည်ဆောက်နေသည့် ကာလတွင် အိမ်ကွင်းအဖြစ် လက်ရှိဝက်စ်ဟမ်းအသင်းအသုံးပြုနေသည့် လန်ဒန်အားကစားကွင်းကို ပူးတွဲအသုံးပြုခွင့်ရရှိရန် ကြိုးပမ်းနေသည်ဟု Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအသင်း ပိုင်ရှင် တော့ဒ်ဘိုလီက အသင်းကိုပိုင်ဆိုင်ခဲ့ပြီးနောက် ရင်းနှီးမြှုပ်နှံမှုအဖြစ် ကစားသမားသစ်များကို ပြောင်းရွှေ့ကြေးအသုံးစရိတ် အများအပြား အသုံးပြုခဲ့ပြီး လက်ရှိတွင်လည်း အိမ်ကွင်းအဖြစ် အသုံးပြုနေသည့် စတန်းဖို့ဒ်ဘရစ် ကွင်းကိုလည်း အဆင့်မြှင့်တင်မှုများ ပြုလုပ်ရန် ပြင်ဆင်လျက်ရှိနေသည်။

ချဲလ်ဆီးအသင်းက လာမည့် ၂၀၂၇ခုနှစ်မှစတင်ပြီး ကွင်းသစ်တည်ဆောက်ခြင်း စီမံကိန်းကို လေးနှစ်ကြာ တည်ဆောက်သွားမည်ဖြစ်ပြီး ကွင်းသစ်တည်ဆောက်ရေးအတွက်လည်း စတာလင်ပေါင် နှစ်ဘီလီယံထိ အသုံးပြုပြီး ကမ္ဘာ့အကောင်းဆုံး အားကစားကွင်းများမှ တစ်ကွင်းအပါအဝင်ဖြစ်အောင် တည်ဆောက်သွားမည်ဖြစ်သည်။

ချဲလ်ဆီးအသင်းသည် အစောပိုင်းက ကွင်းသစ်တည်ဆောက်နေသည့်ကာလတွင် လန်ဒန်မြို့ခံ တစ်သင်းဖြစ်သည့် ဖူလ်ဟမ်အသင်းနှင့် ပူးတွဲအိမ်ကွင်းအဖြစ် အသုံးပြုရန် ဆွေးနွေးခဲ့သော်လည်း အဆင်မပြေခဲ့သည့်အတွက် ယခုအခါ ဝက်စ်ဟမ်းအသင်းနှင့် လန်ဒန်အားကစားကွင်းကို အိမ်ကွင်းအဖြစ်အသုံးပြုရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

STA

# WBA(Regular) မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံနှင့် လန်ဒန်အိုလံပစ်ရွှေတံဆိပ်ဆုရှင် မူရာတာ လက်ဝှေ့လောကမှ အနားယူ

**တိုကျို မတ် ၂၈**

ဂျပန်နိုင်ငံ လက်ဝှေ့လောက၏ အအောင်မြင်ဆုံး လက်ဝှေ့သမားအဖြစ် ရပ်တည်နေသည့် WBA (Regular) မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံနှင့် လန်ဒန်အိုလံပစ်ရွှေတံဆိပ်ဆုရှင် မူရာတာသည် လက်ဝှေ့လောကမှ အနားယူရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ယနေ့တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ ပရိသတ်များအားအသိပေးခဲ့ကြောင်း JP Times သတင်းဌာနက ဖော်ပြခဲ့သည်။

မူရာတာသည် ၂၀၂၂ ခုနှစ် ဧပြီ ၉ ရက်တွင် ကာဇက်စတန်လက်ဝှေ့သမား IBF၊ IBO ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံ ဂိုလို့ဗ်ကင်နှင့် ဂျပန်နိုင်ငံတွင် နောက်ဆုံး ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး အဆိုပါပွဲစဉ်တွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဂိုလို့ဗ်ကင်အား ရှုံးနိမ့်ခဲ့ရပြီးနောက် လေ့ကျင့်မှုများ ပြုလုပ်ခဲ့သော်လည်း မိသားစုကိုအချိန်ပေးလိုသည့်အတွက် ကြိုးဝိုင်းထဲပြန်မဝင်တော့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

မူရာတာသည် ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ် အားကစားပွဲတော် မစ်ဒယ်ဝိတ်တန်းတွင် ရွှေတံဆိပ်ဆုကိုဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးသော ဂျပန်လက်ဝှေ့သမားအဖြစ် မှတ်တမ်းဝင်ထားသူဖြစ်သည်။



မူရာတာက "ကျွန်တော့်ဘဝမှာ ကမ္ဘာ့ချန်ပီယံဆုကို ကာလရှည် ထိန်းသိမ်းခွင့်ရခဲ့တာ ဂုဏ်ယူစရာပါပဲ။ ဂိုလို့ဗ်ကင်လို လက်ဝှေ့သမားမျိုးနဲ့ ထိုးသတ်ခွင့် ရခဲ့ဖူးတာလဲ ဂုဏ်ယူစရာပါ။ ဂိုလို့ဗ်ကင်နဲ့ မထိုးသတ်မီကတည်းကလဲ ဒီပွဲစဉ်ဟာ ကျွန်တော့်အတွက် နောက်ဆုံးပွဲစဉ်ဖြစ်လာနိုင်တယ်လို့ ပြောခဲ့ဖူးတယ်။ ဒါပေမဲ့လဲ ဂိုလို့ဗ်ကင်နဲ့ ထိုးသတ်ခဲ့တဲ့ပွဲအပြီးမှာ လက်ဝှေ့လောက ကနေအနားယူဖို့အတွက် ပြန်စဉ်းစားခဲ့တယ်။ ဒီဆုံးဖြတ်ချက်ကိုချဖို့အတွက် ကျွန်တော့်အနေနဲ့ အချိန်အားဖြင့် တစ်နှစ်လောက် အချိန်ယူခဲ့ရတယ်။ ကျွန်တော် ချစ်မြတ်နိုးတဲ့ လက်ဝှေ့လောကကို စွန့်ခွာဖို့ဆိုတာ သိပ်တော့မလွယ်လှဘူး။ ဒါကြောင့်လဲ စဉ်းစားချိန်ပိုကြာသွားခဲ့တယ်။ အခုကစပြီး ကျွန်တော့်ဘဝကို မတူညီတဲ့ ပုံစံတစ်ခုနဲ့ ပြန်လည်တည်ဆောက်သွားဖို့ ပြင်ဆင်သွားမယ်။ ဘဝရဲ့ ခက်ခဲမှုတွေကို ရင်ဆိုင်သွားဖို့ ပြင်ဆင်ထားပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# World Golf Championships-Dell Technologies Match Play ပြိုင်ပွဲချန်ပီယံဆုကို အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဆမ်ဘန်း ဆွတ်ခူး


**တက္ကဆက် မတ် ၂၈**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အော့စတင်းတွင်ကျင်းပခဲ့သည့် World Golf Championships-Dell Technologies Match Play ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမားဆမ်ဘန်းက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း AOL သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆမ်ဘန်းသည် ကစားသမား ဘဝ သက်တမ်းတစ်လျှောက် ငါးလုံးမြောက် PGA ဆုဖလားကို ဆွတ်ခူးခဲ့သည်။

ဆမ်ဘန်းသည် ဗိုလ်လုပွဲစဉ်တွင် နိုင်ငံတူဂေါက်သီးရိုက်ကစားသမား ကင်မရွန်းယန်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဆမ်ဘန်းက ၆-၅ ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဆမ်ဘန်းသည် ကစားသမားဘဝသက်တမ်းတစ်လျှောက် PGA ပြိုင်ပွဲအမျိုးအစားများတွင် ၄၆ ကြိမ်ထိ ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးသူဖြစ်ပြီး နာမည်ကြီး ကစားသမားများအား ကျော်ဖြတ်ကာ World Golf Championships-Dell Technologies Match Play ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။



ဆမ်ဘန်းက "ကင်မရွန်းယန်းနဲ့ ဗိုလ်လုပွဲစဉ်ကစားခဲ့ရတာ ရင်ခုန်စိတ်လှုပ်ရှားစရာ ကောင်းပါတယ်။ ဒါပေမဲ့လဲ အရမ်းပင်ပန်းတယ်။ ကင်မရွန်းယန်းအနေနဲ့ ချန်ပီယံဆုကို ဆွတ်ခူးနိုင်မဲ့ အခွင့်အရေးကောင်းတွေ ပိုင်ဆိုင်ခဲ့ပေမဲ့လဲ သူ့အနေနဲ့ ပုံစံကောင်းမရခဲ့ဘူးလို့ ကျွန်တော်ထင်တယ်။ သူသာ အကောင်းဆုံးပုံစံမှာ ရှိနေရင် ကျွန်တော်သူ့ကို အနိုင်ရဖို့ဆိုတာ ပိုခက်ခဲလိမ့်မယ်။ ကျွန်တော့်အနေနဲ့လဲ ပုံစံကောင်းရခဲ့လို့ အခုလိုချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တာလဲဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

တတိယလုပွဲစဉ်အဖြစ် မြောက်အိုင်ယာလန်ဂေါက်သီးရိုက် ကစားသမား မက်အီလ်ရွိုင်းနှင့် ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမားအမေရိကန်နိုင်ငံသားစကော့တီရှက်ဖလာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မက်အီလ်ရွိုင်းက ၂-၁ ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

AZL

# အာဆင်နယ်အသင်းက တောင်ပံကစားသမား ဆာကာကို ငါးနှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုမည်

**လန်ဒန် မတ် ၂၈**

အာဆင်နယ်အသင်းက အဓိက တောင်ပံကစားသမား ဆာကာကို တစ်ပတ်လုပ်ခ စတာလင်ပေါင် ၃၀၀၀၀၀ ဖြင့် ငါးနှစ်သက်တမ်းတိုး စာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ဒေးလီးမေးလ်သတင်းဌာနကယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်ရှိ ဆာကာသည် အာဆင်နယ်အသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့ကာ ယခုနှစ်ဘောလုံးရာသီတွင်လည်း ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသလျက်ရှိနေသည့်အတွက် ဥရောပထိပ်တန်းအသင်းကြီးများက ခေါ်ယူရန်စောင့်ကြည့်နေသောကြောင့် အာဆင်နယ်အသင်းက ကာလရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိတွင် ဆာကာသည် အာဆင်နယ်အသင်းတွင် တစ်ပတ်လုပ်ခစတာလင်ပေါင် ၇၀၀၀၀ ရရှိနေသူဖြစ်ပြီး လက်ရှိတွင် အာဆင်နယ်အသင်းက ဆာကာကို အသင်းစံချိန်တင် လုပ်ခလစာပေးချေပြီး အသင်းတွင် ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိ အာဆင်နယ်အသင်းတွင် လုပ်ခလစာအများဆုံး ကစားသမားအဖြစ် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက မန်စီးတီးအသင်းမှ ပြောင်းရွှေ့လာခဲ့သည့် ဂျီးဆပ်က တစ်ပတ်လုပ်ခ စတာလင်ပေါင် ၂၅၀၀၀၀ ဖြင့် လုပ်ခလစာအများဆုံးကစားသမားအဖြစ်ရပ်တည်နေခြင်းဖြစ်ပြီး ဆာကာအနေဖြင့် စတာလင်ပေါင် ၃၀၀၀၀၀ ဖြင့် ချုပ်ဆိုပြီးစီးပါက အသင်းလုပ်ခလစာအများဆုံး ကစားသမားဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

STA

# တောင်အမေရိကဘောလုံးအဖွဲ့ချုပ်က မက်ဆီ၏ ပုံတူရုပ်တုကို အဖွဲ့ချုပ်ပြတိုက်တွင် ထားရှိပြီး ဂုဏ်ပြုသွားမည်



**ဗျူနိုဇ်အေရိစ် မတ် ၂၈**

တောင်အမေရိက ဘောလုံးအဖွဲ့ချုပ်က အာဂျင်တီးနားအသင်းခေါင်းဆောင် မက်ဆီ၏ ကမ္ဘာ့ဖလားချန်ပီယံဆုနှင့် အောင်ပွဲခံနေသည့် ပုံတူရုပ်တုကို အဖွဲ့ချုပ်ပြတိုက်တွင်ထားရှိပြီး ဂုဏ်ပြုခဲ့ကြောင်း The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အကောင်းဆုံးစွမ်းဆောင်ပြပြီး ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံးကစားသမားဆုအပြင် အသင်းနှင့်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် မက်ဆီကို ဂုဏ်ပြုမှုများစွာပြုလုပ်ခဲ့ပြီး ပြီးခဲ့သည့်ရက်ပိုင်းကလည်း အာဂျင်တီးနားနိုင်ငံဘောလုံးအဖွဲ့ချုပ်က မြို့တော်ဗျူနိုဇ်အေရိစ်ရှိ အသင်းလေ့ကျင့်ရေးကွင်းအမည်ကိုလည်း မက်ဆီလေ့ကျင့်ရေးကွင်းအဖြစ် ပြောင်းလဲဂုဏ်ပြုခဲ့ခြင်းဖြစ်သည်။

တောင်အမေရိက ဘောလုံးအဖွဲ့ချုပ်က မက်ဆီ၏ ပုံတူရုပ်တုဖွင့်ပွဲအခမ်းအနားကို ကျင်းပပေးခဲ့ပြီး အခမ်းအနားတွင်လည်း ဘောလုံးကမ္ဘာ၏ကျိုင်းတံဆုတံဆိပ်ကိုလည်း ပေးအပ်ဂုဏ်ပြုခဲ့ပြီး ဘောလုံးလောက၏ ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုကြောင်း ကြေညာခဲ့ပြီးနောက် ကျိုင်းတံကို အပ်နှင်းခဲ့ခြင်းဖြစ်သည်။

ထိုပြင်မက်ဆီက "လှပတဲ့အခိုက်အတန့်တစ်ခုမှာ ကျွန်တော်တို့ နေထိုင်နေတာပါ။ အခုလိုဂုဏ်ပြုခံခဲ့ရတာအတွက်လဲ ဂုဏ်ယူပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ တောင်အမေရိကအသင်းတစ်သင်းချန်ပီယံဆုဆွတ်ခူးနိုင်ဖို့ အချိန်ကျတဲ့အချိန်မှာ ကျွန်တော်တို့ အကောင်းဆုံး အခွင့်အရေးကို အသုံးချနိုင်လို့ အခုလို ကမ္ဘာ့ဖလားချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့တာပါ။ အခုလိုဂုဏ်ပြုခဲ့ကြတဲ့ တောင်အမေရိက ဘောလုံးအဖွဲ့ချုပ်ကတာဝန်ရှိသူတွေကိုလဲ ကျေးဇူးအများကြီးတင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ STA

# မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ရိုင်ဘာကီနာနှင့် ဆာဘာလင်ကာတို့ တက်ရောက်

**မိုင်ယာမီ မတ် ၂၈**

အမေရိကန်နိုင်ငံ မိုင်ယာမီတွင် ကျင်းပနေသည့် မိုင်ယာမီအိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲစတုတ္ထအဆင့် ပွဲစဉ်များအဖြစ် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာက ဘယ်လ်ဂျီယံတင်းနစ်မယ် မာတန့်နှင့်လည်းကောင်း၊ ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာက ချက်တင်းနစ်မယ် ကရီစီကိုဗာနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့သည်။

ရိုင်ဘာကီနာနှင့် မာတန့်တို့ပွဲစဉ်တွင် ရိုင်ဘာကီနာက (၆-၄၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဆာဘာလင်ကာက ကရီစီကိုဗာကို (၆-၃၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြကြောင်း JP သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရိုင်ဘာကီနာသည် မကြာသေးမီက ကျင်းပခဲ့သော Indian Wells Masters တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သူဖြစ်ပြီး မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင်လည်း ဗိုလ်စွဲရန် ရေပန်းစားနေသူလည်း ဖြစ်သည်။

ရိုင်ဘာကီနာက "ပုံစံကောင်းကို ဆက်ထိန်းထားနိုင်ပြီးကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်လာနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒါပေမဲ့လဲ ပွဲပန်းဒဏ်ခံစားနေရတယ်။ ပွဲပန်းနေတဲ့အတွက်ကြံ့ခိုင်မှုပိုင်းက အားနည်းချက်တွေရှိနေတယ်။ ပွဲပန်းနေပေမဲ့လဲ စိတ်ဓာတ်ပိုင်းဆိုင်ရာမှာတော့ အကောင်းဆုံးအနေအထားမှာ ရှိနေပါတယ်။ ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်နေရတာကို ပျော်ရွှင်နေတယ်။ အနိုင်ရလဒ်ကို ရယူနိုင်ဖို့အတွက် အကောင်းဆုံး စီမံခန့်ခွဲနိုင်သေးတယ်လို့လဲခံစားမိတယ်။ ကွာတားဖိုင်နယ်အဆင့်မှာလဲ အကောင်းဆုံးကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့သည်။

ရိုင်ဘာကီနာသည် ကွာတားဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်မယ် ထရီဗီဆန်နှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်ပြီး ဆာဘာလင်ကာက ရိုမေးနီးယားတင်းနစ်မယ်ဆာစတီးနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

AZL

# လာမည့် ဇူလိုင် ၂၅ ရက်တွင် ဝီဟမ်းအသင်းနှင့် ခြေစမ်းပွဲကစားမည်ဟု မန်ယူအသင်းထုတ်ပြန်

**မန်ချက်စတာ မတ် ၂၈**

အမေရိကန် ခရီးစဉ်တွင် မန်ယူအသင်းအနေဖြင့် နွေရာသီကြိုခြေစမ်းပွဲအဖြစ် ဇူလိုင် ၂၅ ရက်တွင် အင်္ဂလန်နေရှင်နယ်လိဂ်မှ ဝီဟမ်းအသင်းနှင့်ခြေစမ်းပွဲကစားမည်ဟု မန်ယူအသင်းက ထုတ်ပြန်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ခြေစမ်းပွဲစဉ်ကို လာမည့် ဇူလိုင် ၂၅ ရက်တွင် အမေရိကန်နိုင်ငံ ဆန်တီယေဂိုမြို့ရှိ စနက်ဒရာဂွန် ကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း မန်ယူအသင်း အားကစားဒါရိုက်တာ ဂျွန်မက်တောက်က ထုတ်ဖော်ပြောကြားခဲ့သည်။

အားကစားဒါရိုက်တာ ဂျွန်မက်တောက်က "အမေရိကန် ဆန်ဒီယေဂိုခရီးစဉ်ဟာ ကျွန်တော်တို့အသင်းအတွက် ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ အခုလို ရာသီအကြိုခြေစမ်းပွဲကို အမေရိကန်မှာ ကစားဖို့ ဆုံးဖြတ်တာကလဲ အမေရိကန်မှာရှိတဲ့ မန်ယူအသင်း ပရိသတ်တွေနဲ့ တွေ့ဆုံခွင့်ရဖို့ပါ။ ဒ့ါပြင် အသင်းရဲ့ လူငယ်ကစားသမားတွေကိုလဲ အသင်းကြီးမှာ နေရာရဖို့အတွက် ကစားဖို့အခွင့်အရေးပေးပြီး ခြေစွမ်းပြသခွင့်ပေးချင်တာလဲဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အင်္ဂလန် နေရှင်နယ်လိဂ်မှ ဝီဟမ်းအသင်းသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးဇယားတွင် ရမှတ် ၉၇ မှတ်ရရှိခဲ့ကာ ဒုတိယနေရာမှ နော့ကောင်တီအသင်းကို ရမှတ်သုံးမှတ်ထိ ဖြတ်တောက် နိုင်ခဲ့သော်လည်း မန်ယူအသင်းနှင့် နောက်ဆုံးကစားခဲ့သည့်ပွဲစဉ်မှာ ၁၉၉၅ ခုနှစ်က အက်ဖ်အေဖလားပြိုင်ပွဲတွင် ဖြစ်ပြီး ယခုတစ်ကြိမ်သည် နှစ်ပေါင်း ၂၈ နှစ်အကြာမှ ဒုတိယအကြိမ်တွေ့ဆုံမည့်ပွဲစဉ်ဖြစ်သည်။

လက်ရှိတွင် မန်ယူအသင်းသည် လာမည့်ရာသီအကြို အမေရိကန်ခရီးစဉ်တွင် ဝီဟမ်းအသင်းနှင့်ပွဲစဉ်ကိုသာ ထုတ်ပြန်ခဲ့ပြီး ကျန်အသင်းနှင့် ကစားရမည့်ကွင်းများကို ထုတ်ပြန်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ML

**အာဖရိကဖလားပြိုင်ပွဲ ရလဒ်**

| | | | | |
|---|---|---|---|---|
| အဆွာတီနီ | ၀ | - | ၁ | ကိဗ်ဗာဒီ |
| နမီးဘီးယား | ၂ | - | ၁ | ကင်မရွန်း |
| မာလာဝီ | ၀ | - | ၄ | အီဂျစ် |
| ဘော့ဆွာနာ | ၂ | - | ၃ | အီကွေတိုရီယယ်ဂီနီယာ |
| ဂမ်ဘီယာ | ၁ | - | ၀ | မာလီ |
| လိုက်ဘေးရီးယား | ၁ | - | ၂ | တောင်အာဖရိက **(ဝ၄ဝ)** |

# နိုင်ငံ့ဝန်ထမ်း စံတန်ဖိုး

ပညာ:ကျန်းထော

**နိဒါန်း**

နှစ်ပေါင်းများစွာ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သဖြင့် မိမိတို့၏ တွေးခေါ်စဉ်းစားပုံ၊ ပြောဆိုပြုမူပုံများသည် ခေါက်ရိုးကျိုးခဲ့ပြီ။ အရေးအကြောင်းပေါ်လျှင် သက်စွန့်ဆံဖျားတာဝန်ထမ်းရသည်ကိုပင် အားရဝမ်းသာပျော်ရွှင်စွာ ပါဝင်ခဲ့ဖူးသည်။ စိတ်မပါသောအလုပ်မျိုးတွေကိုလည်း ကြိတ်မှိတ်အောင့်အည်းသည်းခံကာ ပြီးမြောက်အောင် ထမ်းဆောင်ခဲ့ရဖူးသည်။

ဝန်ထမ်းဖြစ်ရန် တကယ်တော့ မလွယ်ကူလှ။

ရည်မှန်းချက်ရှိမှ လိုချင်ရာဌာန သို့မဟုတ် လုပ်ငန်းကို မိမိကိုယ်တိုင်လျှောက်ထားရသည်။ တစ်ခေါက်တည်းနှင့် ချောချောမောမောအောင်မြင်သူလည်းရှိသည်။ အခါခါကြိုးစားမှ ဝန်ထမ်းဘဝရသူလည်းရှိသည်။ အကြိမ်ကြိမ်အဖန်ဖန်လျှောက်ထားခဲ့ပါသော်လည်း ရွေးချယ်ခြင်းမခံရသူအချို့လည်း ရှိခဲ့သည်။ အချို့လည်းဆင်းရဲ၏။ အချို့လည်း ဟန်ကျ၏။ ဘဝကိုယ်စီမတူညီ။

**နိုင်ငံ့ဝန်ထမ်းဟူသည်**

နိုင်ငံ့ဝန်ထမ်းဘဝမှာတော့ မိမိကပဲ ဒူပေနာပေ အရေထူ၍ လောမသိ။ စိတ်ညစ်သည်ဟု သိပ်မရှိ။ လိပ်ကျောကြောင်ကော်ပြောင်ချော်ချော်နှင့် ဆင်းရဲပင်ပန်းစွန့်စားခန်းတွေမှာလည်း ပျော်ပျော်ပြုံးပြုံးဖြတ်သန်းခဲ့ပါ၏။ ရောက်လေရာရာ ပျော်စရာ။

၂၀၂၁ ခုနှစ် မေ ၂၈ ရက်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က မိမိတို့အတွက် စံတန်ဖိုးများအမိန့်ကြော်ငြာစာဖြင့် ထွက်လာခဲ့သည်။ နိုင်ငံ့ဝန်ထမ်းများအတွက် ကျင့်ဝတ်ဆိုင်ရာများဖြစ်၍ ပြည်သူအားလုံးနှင့် ဝန်ထမ်းအားလုံးသိရှိနားလည်ထားလျှင် အကျိုးရှိပေမည်။ မှတ်သားကူးယူထားလိုက်လေသည်။ တစ်ခါနှစ်ခါ၊ တစ်ခေါက်နှစ်ခေါက်။ ထပ်ခါထပ်ခါဖတ်ကြည့်မိသောအခါ ဘဝလမ်းညွှန် ဆောင်ရန်၊ ရှောင်ရန်အဖိုးတန် **"စံတန်ဖိုးများ"** ပါတကားဟု နားလည်လာရသည်။ အောက်ပါရှစ်ချက်ဖြစ်ပါ၏-

၁။ နိုင်ငံ့ဝန်ထမ်းကတိကဝတ်ပြုရခြင်း။
၂။ တာဝန်ကို ထိရောက်မှန်ကန်မြန်ဆန်စွာ ဌွဲ၊ လုံ့လ၊ ဝီရိယဖြင့် ဆောင်ရွက်ခြင်း။
၃။ ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်း။
၄။ ယုံကြည်ထိုက်အောင်ရိုးသားဖြောင့်မှန်ခြင်း။
၅။ ပညာရပ်ဆိုင်ရာ တတ်မြောက်ကျွမ်းကျင်မှုနှင့် ထူးချွန်ပြောင်မြောက်ခြင်း။
၆။ ပူးပေါင်းညှိနှိုင်းဆောင်ရွက်တတ်ခြင်း။
၇။ တရားမျှတခြင်း၊ ဘက်လိုက်မှုကင်းရှင်းခြင်း။
၈။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း။

**၁။ နိုင်ငံ့ဝန်ထမ်းကတိကဝတ်ပြုရခြင်း**

(က) ပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှု၍ အလေးထားဆောင်ရွက်ရမည်။

(ခ) သဘာဝသယံဇာတ အရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး ထိန်းသိမ်းစောင့်ရှောက်ရမည်။

(ဂ) ပြည်သူများ၏လိုအပ်ချက်ကို မဆိုင်းမတွ တုံ့ပြန်ဖြည့်ဆည်းပေးနိုင်ရေးနှင့် တန်းတူညီမျှမှုရှိစေရေးတို့အတွက် ပြည်သူ့ဝန်ဆောင်မှုစံနှုန်းများမြင့်မားစေရေးတို့ကို ဆောင်ရွက်ရမည်။

(ဃ) လူမျိုး၊ ဘာသာ၊ အဆင့်အတန်း၊ ကျား၊ မ ခွဲခြားမှုမရှိဘဲ ပြည်သူများ၏ လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် စာနာမှု၊ ပြည်သူကို ရိုသေလေးစားမှုနှင့်အတူ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရမည်။

(င) ပြည်သူများ၏ ယုံကြည်မှုကို ရရှိစေရန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် စံပြဖြစ်နေစေရန် မိမိ၏ပြုမူဆောင်ရွက်ချက်များကို ကောင်းမွန်သောရလဒ်ရှိစေရေး သုံးသပ်စဉ်းစားဆောင်ရွက်ရမည်။

(စ) နိုင်ငံတော်နှင့် အများပြည်သူတို့၏အကျိုးစီးပွားအတွက် ကောင်းမြတ်သည့်စိတ်စေတနာ၊ ကိုယ်ကျင့်တရားတို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည်။

(ဆ) ပြည်သူ့အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည့်အပြုအမူများကို ရှောင်ကြဉ်ရမည်။

**၂။ တာဝန်ကို ထိရောက်မှန်ကန်မြန်ဆန်စွာ ဌွဲ၊ လုံ့လ၊ ဝီရိယဖြင့် ဆောင်ရွက်ခြင်း**

(က) ဝန်ထမ်းအချင်းချင်း၊ ဌာနအဖွဲ့အစည်းအချင်းချင်းထိရောက်စွာ ချိတ်ဆက်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) ပေးအပ်သောတာဝန်နှင့် ဝတ္တရားများကို လိုလားစွာဖြင့် ထိုးထွင်းကြံဆ၍ အချိန်နှင့်တစ်ပြေးညီ မှန်ကန်ပြီးမြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) မိမိလုပ်ငန်းတာဝန်နှင့် နီးနွှောဆက်နွယ်နေသည့် ပညာရပ်ဆိုင်ရာနယ်ပယ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်။

(ဃ) လုပ်ငန်းတာဝန်များကို အမှားအယွင်းမရှိစေရန် တိကျသေချာစွာ အလေးအနက်ထားဆောင်ရွက်ရမည်။

**၃။ ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်း**

(က) နိုင်ငံတော်နှင့် အဖွဲ့အစည်း၏တိုးတက်ရေးကို ရှေးရှု၍ အရည်အချင်းပြည့်ဝနေစေရန် စဉ်ဆက်မပြတ် လေ့လာဆည်းပူးမှတ်သားနိုင်စွမ်းရှိရမည်။

(ခ) မိမိတို့၏ လုပ်ငန်းခွင်အတွေ့အကြုံများနှင့် အတတ်ပညာပိုင်းဆိုင်ရာဗဟုသုတများကို ပြန်လည်မျှဝေပေးနိုင်စွမ်းရှိရမည်။

(ဂ) မိမိအဖွဲ့အစည်းအတွက် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိရမည့်အပြင် ခေတ်နှင့်လျော်ညီသည့် အတတ်ပညာနှင့် ဆန်းသစ်တီထွင်နိုင်သည့် အတွေးအခေါ် ရှိရမည်။

(ဃ) လုပ်ငန်းခွင်အခက်အခဲများကို သမားရိုးကျမဟုတ်ဘဲ ထိရောက်လျင်မြန်သောနည်းလမ်းကောင်းများဖြင့် အောင်မြင်စွာကြံဆဖြေရှင်းနိုင်စွမ်းရှိရမည်။

(င) နက်ရှိုင်းကျယ်ပြန့်စွာ ထိုးထွင်းသိမြင်ပြီး စဉ်းစားတွေးခေါ် ဆောင်ရွက်နိုင်စွမ်းရှိရမည်။

(စ) ဖြတ်ထိုးဉာဏ်ကောင်း၍ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိရမည်။

**၄။ ယုံကြည်ထိုက်အောင် ရိုးသားဖြောင့်မှန်ခြင်း**

(က) ပြည်သူကို ဝန်ဆောင်မှုပေးရာတွင် ရိုးသားဖြောင့်မတ်မှုရှိရမည်။

(ခ) ကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်သိက္ခာကို အကောင်းဆုံးစောင့်ထိန်းရမည်။

(ဂ) တာဝန်အရ အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းနှင့် မလျော်ဩဇာသုံးခြင်းတို့မှ ရှောင်ကြဉ်ရမည်။

(ဃ) နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် အလွဲသုံးစားမှုမပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ရမည်။

(င) အစိုးရနှင့်ပြည်သူကြား ကောင်းမွန်သောယုံကြည်မှုကို တည်ဆောက်ထိန်းသိမ်းနိုင်ရေး ဦးတည်ကြိုးပမ်းရမည်။

(စ) ရာထူး၊ ဌာန၊ လုပ်ငန်းတာဝန်များနှင့်ဆက်စပ်၍ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ်များ ရောထွေးမှုမရှိစေရေး စောင့်ထိန်းရမည်။

(ဆ) လုပ်ငန်းခွင်အတွင်း အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ရမည်။

❖ ၂၀၂၁ ခုနှစ် မေ ၂၈ ရက်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က မိမိတို့အတွက် စံတန်ဖိုးများ အမိန့်ကြော်ငြာစာဖြင့် ထွက်လာခဲ့သည်။ နိုင်ငံ့ဝန်ထမ်းများအတွက် ကျင့်ဝတ်ဆိုင်ရာများဖြစ်၍ ပြည်သူအားလုံးနှင့် ဝန်ထမ်းအားလုံးသိရှိနားလည်ထားလျှင် အကျိုးရှိပေမည်။ မှတ်သားကူးယူထားလိုက်လေသည်။ တစ်ခါနှစ်ခါ၊ တစ်ခေါက်နှစ်ခေါက်။ ထပ်ခါထပ်ခါဖတ်ကြည့်မိသောအခါ ဘဝလမ်းညွှန်ဆောင်ရန်၊ ရှောင်ရန်အဖိုးတန် "စံတန်ဖိုးများ" ပါတကားဟု နားလည်လာရသည်။ ❖

(ဇ) လုံခြုံမှုအဆင့်အတန်းသတ်မှတ်ထားသည့် သတင်းအချက်အလက်များ ပေါက်ကြားမှုမရှိစေရေး အထူးသတိပြုထိန်းသိမ်းရမည်။

(ဈ) ရိုးသားဖြောင့်မတ်ပြီး နိုင်ငံတော်၊ မိမိဌာနအဖွဲ့အစည်းနှင့် ပြည်သူတို့အပေါ် သစ္စာရှိရမည်။

(ည) ဌာနအဖွဲ့အစည်းက ယုံကြည်စိတ်ချစွာ တာဝန်ပေးအပ်နိုင်သူဖြစ်ရမည်။

(ဋ) ဝန်ထမ်းအချင်းချင်း၏ ယုံကြည်လေးစားအားကိုးထိုက်သူဖြစ်ရမည်။

(ဌ) မိမိဌာနအဖွဲ့အစည်းနှင့် ဝန်ထမ်းအချင်းချင်းအပေါ် အထင်အမြင်လွဲမှားစေမည့် အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုတို့ကို ရှောင်ကြဉ်ရမည်။

(ဍ) ဌာနအဖွဲ့အစည်းဆိုင်ရာ သတင်းအချက်အလက်များကို ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်းမှ ရှောင်ကြဉ်ရမည်။

(ဎ) မိမိ၏အခွင့်အာဏာနှင့်ဆက်နွယ်၍ မည်သည့် စီးပွားရေးလုပ်ငန်းများတွင်မျှ ကိုယ်ကျိုးစီးပွားပါဝင်ပတ်သက်ခြင်းမပြုရ။

**၅။ ပညာရပ်ဆိုင်ရာ တတ်မြောက်ကျွမ်းကျင်မှုနှင့် ထူးချွန်ပြောင်မြောက်ခြင်း**

(က) ခေါင်းဆောင်မှုဆိုင်ရာအရည်အသွေးများနှင့် စီမံခန့်ခွဲမှုစွမ်းရည်များမြင့်မားလာစေရေးအတွက် စဉ်ဆက်မပြတ်လေ့လာဆည်းပူးရမည်။

(ခ) အများပြည်သူဆိုင်ရာမူဝါဒများနှင့် အစီအစဉ်များကို အရည်အချင်းပြည့်ဝစွာဖြင့် ချမှတ် အကောင်အထည်ဖော်နိုင်ရေး လေ့လာဆည်းပူးရမည်။

(ဂ) ပြည်သူကို ဝန်ဆောင်မှုပေးရာတွင် အမြင့်မားဆုံးသော ကျွမ်းကျင်မှုဆိုင်ရာအရည်အချင်းများဖြင့် စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်ပေးရမည်။

(ဃ) လုပ်ငန်းခွင်အတွင်း ပူးပေါင်းဆောင်ရွက်တတ်စေရေးနှင့် တာဝန်ထမ်းဆောင်မှုနှင့် စွမ်းဆောင်ရည်အခြေပြုစံသတ်မှတ်ချက်များအပေါ် အခြေခံ၍ ကျွမ်းကျင်မှုအရည်အချင်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် လေ့လာဆည်းပူးရမည်။

(င) ခေတ်မီဆက်သွယ်ရေးနည်းပညာများကို တတ်သိနားလည်ပြီး အသုံးချနိုင်စွမ်းရှိရမည်။

(စ) နိုင်ငံတော်နှင့် ဌာနအဖွဲ့အစည်းများမှထုတ်ပြန်သည့်မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လေ့လာဆည်းပူးရမည်။

(ဆ) ကြီးကြပ်ကွပ်ကဲမှုအနည်းဆုံးဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဇ) မိမိရာထူးအဆင့်အလိုက် ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရမည့်အပြင် လုပ်ဖော်ကိုင်ဖက်များကိုလည်း ကျွမ်းကျင်မှုရှိစေရန် ပံ့ပိုးကူညီပေးရမည်။

(ဈ) အရည်အချင်းပြည့်ဝနေစေရန် စဉ်ဆက်မပြတ် လေ့လာဆည်းပူးမှတ်သားဆောင်ရွက်ရမည်။

**၆။ ပူးပေါင်းညှိနှိုင်းဆောင်ရွက်တတ်ခြင်း**

(က) ဝန်ထမ်းရေးရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးအဆင့်အတန်း၊ အမျိုးသား၊ အမျိုးသမီးခွဲခြားဆက်ဆံခြင်းမပြုရ။

(ခ) ဌာန၊ ဒေသ၊ ဓလေ့ထုံးတမ်းယဉ်ကျေးမှုများနှင့်အညီ လိုက်လျောညီထွေအပြန်အလှန်လေးစားစွာ ဆက်ဆံဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော ပြည်တွင်း၊ ပြည်ပအစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ပါက ချမှတ်ထားသောမူဝါဒများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) မိမိအားပေးအပ်ထားသည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အချင်းချင်းရိုင်းပင်းကူညီ၍ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရမည်။

**၇။ တရားမျှတခြင်း၊ ဘက်လိုက်မှုကင်းရှင်းခြင်း**

(က) အဂတိတရားကင်းရှင်းစွာ အချိန်နှင့်တစ်ပြေးညီဝန်ဆောင်မှုပေးရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ အခါအားလျော်စွာ ထုတ်ပြန်သည့်ဒေသန္တရဆိုင်ရာ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) ဘက်လိုက်မှုကင်းရှင်းရမည့်အပြင် အများပြည်သူ အထင်အမြင်လွဲမှားစေနိုင်သည့် အပြုအမူ၊ အပြောအဆိုတို့ကိုလည်း ရှောင်ကြဉ်ရမည်။

(ဃ) ပြည်သူများကို လေးစားမှု၊ စာနာမှုနှင့် တရားမျှတမှုတို့ဖြင့် ဆက်ဆံရမည်။

(င) ဆုံးဖြတ်ချက်များကို အချိန်နှင့်တစ်ပြေးညီ မှန်ကန်မျှတစွာချမှတ်ရမည်။

(စ) နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။

**၈။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း**

(က) နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာမှုဖြင့် မှန်ကန်စွာဆောင်ရွက်ရမည်။

စာမျက်နှာ ၁၁ သို့ ➤

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ယောမင်းကြီးပန်းချီပြခန်းတွင် ပန်းချီဆရာ ၁၀ ဦး၏ ရနံ့သစ် အွန်လိုင်းပန်းချီပြပွဲ ပြသလျက်ရှိ



**ရန်ကုန် မတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ယောမင်းကြီးပန်းချီပြခန်းတွင် ပန်းချီဆရာ ၁၀ ဦး၏ ရနံ့သစ်အွန်လိုင်းပန်းချီပြပွဲကို မတ် ၂၇ ရက်မှစ၍ ပြသလျက်ရှိကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ပန်းချီ နန်းခင်မိုးသူက ပြောပြ၍ သိရသည်။

အဆိုပါ ရနံ့သစ်အွန်လိုင်းပန်းချီပြပွဲတွင် နာမည်ရပန်းချီဆရာများဖြစ်သည့် ပန်းချီ ကံကောင်း၊ ပန်းချီ အောင်နိုင်လတ်၊ ပန်းချီ တင်ရွှေချို၊ ပန်းချီ တင်ကိုဇော်၊ ပန်းချီ မုတ်သုန်၊ ပန်းချီ ဝင်းဇော်၊ ပန်းချီ မမွှေး၊ ပန်းချီ ဝသုန်၊ ပန်းချီ နီပိုဦးနှင့် ပန်းချီ သီအိုတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်စသည်ဖြင့် အရောင်အသွေးစုံ၊ လက်ရာစုံပန်းချီကား ၄၄ ကားကို မတ် ၂၇ ရက်မှ မတ် ၃၁ ရက်ထိ ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဈေးကွက်ထဲမှာ နာမည်ရပြီးဖြစ်တဲ့ ပန်းချီဆရာတွေရဲ့လက်ရာစုံ ပန်းချီကား ၄၄ ကားကို ပြသမှာဖြစ်ပါတယ်။ အဲဒီအထဲမှာ လူငယ်ပန်းချီဆရာတွေရဲ့ ပန်းချီကားတွေပါသလို ဝါရင့်ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကားတွေလဲ ပါပါမယ်။ လက်ရာစုံ၊ ရှုထောင့်စုံ၊ လူစုံအောင် စုစည်းထားပါတယ်"ဟု ယောမင်းကြီးပန်းချီပြခန်း တာဝန်ခံ ပန်းချီ နန်းခင်မိုးသူက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄)လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈)လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံး ငွေကျပ် ၅၀၀၀၀၀ မှ အများဆုံး ငွေကျပ်သိန်း ၄၀ထိ ရှိကြောင်း သိရသည်။ ASH

# ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာ ခတ်ကျွဲနှစ်ကောင်ပန်းပုရုပ်များ တင်ပို့မည်

**ရန်ကုန် မတ် ၂၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာနှင့် စစ်တကောင်းရှိ မြန်မာအမှတ်တရပစ္စည်း အရောင်းဆိုင်များသို့ တောကြီးပိတောက်သားဖြင့် ထုလုပ်ထားသည့် မြန်မာပန်းပုလက်ရာ ခတ်ကျွဲနှစ်ကောင်ပန်းပုရုပ်များတင်ပို့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင်အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒါကာမြို့နှင့် စစ်တကောင်းမြို့တို့တွင် မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်း အရောင်းဆိုင်များသို့ လာမည့်ဧပြီလတွင် ခတ်ကျွဲနှစ်ကောင်ပန်းပုရုပ်များကို ရခိုင်ပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့် တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

"ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာရှိတဲ့ ဒါကာမြို့နဲ့ စစ်တကောင်းမြို့တို့မှာရှိတဲ့ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေကို တောကြီးပိတောက်သားနဲ့ ထုလုပ်ထားတဲ့ အလျား ၂၆ လက်မ၊ အမြင့် ခုနစ်လက်မ၊ ထု ၄ ဒသမ ၅ လက်မ အရွယ်အစား ခတ်ကျွဲနှစ်ကောင်ပန်းပုရုပ်အစုံ ၁၀၀ တင်ပို့ရမှာဖြစ်ပါတယ်။ ဒီဇိုင်းကတော့ လေးမျိုးလောက်ထုလုပ်ပေးရမှာပါ။ ကျွန်တော်တို့ကိုယ်ပိုင်အလုပ်ရုံမှာပဲ ထုလုပ်မှာဖြစ်ပါတယ်"ဟု ဦးမောင်မောင်အေးက ပြောပြသည်။



မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို ပြည်တွင်းရှိ အမှတ်တရပစ္စည်း အရောင်းဆိုင်များသာမက ဟောင်ကောင်၊ မကာအို၊ ဒါကာ၊ စစ်တကောင်း၊ ကျယ်ဂေါင်၊ မဲဆောက်၊ မယ်ဆိုင် စသည့်မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်နိုင်ငံများရှိ နယ်စပ်မြို့များတွင် ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်း အရောင်းဆိုင်များသို့ တင်ပို့လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ ASH

# Average Height, Average Build ဇာတ်ကား၌ ရောဘတ်ပက်တင်ဆန်နှင့် ရောဘတ်ဒေါနေးဂျူနီယာတို့ ပါဝင်မည်

**နယူးယောက် မတ် ၂၈**

Average Height, Average Build အမည်ရှိ နိုင်ငံရေးလောကနောက်ခံဇာတ်ကား၌ မင်းသား ရောဘတ်ပက်တင်ဆန်နှင့်ရောဘတ်ဒေါ်နေးဂျူနီယာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မတ် ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိအချိန်တွင် ရောဘတ်ပက်တင်ဆန်နှင့် ရောဘတ်ဒေါ်နေးဂျူနီယာတို့သည် အထက်ပါဇာတ်ကား၌ ပါဝင်ရေးအတွက် ထုတ်လုပ်သူများနှင့် ဆွေးနွေးနေသည်။

Average Height, Average Build ဇာတ်ကားသည် နိုင်ငံရေးလောကကို သရော်မည့်ဟာသဇာတ်ကားဖြစ်ပြီး နိုင်ငံရေးအရ နေရာရရန်ကြိုးစားနေသော လူသတ်သမားတစ်ဦးကို အဓိကထား၍ ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ အဒမ်မက်ကေးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Average Height, Average Build ဇာတ်ကားတွင် မင်းသား ရောဘတ်ပက်တင်ဆန်သည် အဓိကဇာတ်ဆောင်ဖြစ်သည့် လူသတ်သမားနေရာ၌ ပါဝင်သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

KKO





# Wicked ဂီတဇာတ်မြူးဇာတ်ကား၌ မင်းသားကြီး ဂျက်ဂိုးဘလမ်း ပါဝင်ထား

**နယူးယောက် မတ် ၂၈**

Wicked အမည်ရှိ ဂီတဇာတ်မြူးဇာတ်ကားသစ်၌ မင်းသားကြီး ဂျက်ဂိုးဘလမ်း ပါဝင်သရုပ်ဆောင်ထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က မတ် ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

Wicked ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားမှုကို မင်းသားကြီး ဂျက်ဂိုးဘလမ်းက ရုပ်သံအစီအစဉ်တစ်ခုတွင် အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

Wicked ဇာတ်ကားတွင် ဂျက်ဂိုးဘလမ်းသည် The Wizard ဇာတ်ကောင်နေရာ၌ ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါဇာတ်ကားတွင် ဂျက်ဂိုးဘလမ်းသည် မင်းသမီး စင်သီယာအာရီဗို၊ အာရီယာနာဂရန်ဒီ၊ မီရဲယိုတို့နှင့်အတူ သရုပ်ဆောင်ထားကြောင်း သိရသည်။

The Wicked ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကပင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ စတင်ခဲ့သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျွန်အမ်ချူးက တာဝန်ယူရိုက်ကူးပေးထားပြီး ရုံတင်ပြသမည့်ရက်ကို မသိရသေးကြောင်း သိရသည်။

KKO



➤ စာမျက်နှာ ၁၀ မှအဆက်

(ခ) လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် မိမိ၏လုပ်ဆောင်ချက်များနှင့်ဆုံးဖြတ်ချက်များအတွက် တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိရမည်။

(ဂ) ပြည်သူများ၏တင်ပြချက်များအပေါ် သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျစိစစ်၍ ပွင့်လင်းမြင်သာစွာဆောင်ရွက်မည်။

(ဃ) တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်ကျေမှုတို့ဖြင့် ဆောင်ရွက်ရမည်။

**နိဂုံး**

နိုင်ငံ့ဝန်ထမ်းဘဝသည် ရဲရင့်ရသည်။ သတ္တိရှိမှ ပြဿနာမျိုးစုံကို ရင်ဆိုင်ကျော်လွှားအောင်မြင်စွာ ဖြေရှင်းဖြတ်သန်းသွားနိုင်သည်။ ရှေ့မှာရန်သူ၊ နောက်မှာခုံရုံးဟု နောက်ပြောင်သလိုလို ပြောတတ်ကြ၏။ အမှန်ပင်၊ အမေးရှိလျှင် အဖြေရှိ၏။ အသွားရှိသော် အပြန်ရှိစမြဲ။ အခံရှိလျှင် အအုပ်လည်းပါသည်ပဲ။ ပြဿနာရှိသော် ဖြေရှင်းနည်းတွေထဲက အကောင်းဆုံးရွေးချယ်ဆုံးဖြတ်ရမည့် အဖြေကရှိနေပြီးသားပါပဲ။ နိုင်ငံတော်ကို ဦးထိပ်ထားမည်။ မှားစရာမရှိ။ ပြည်သူအကျိုးကို စိတ်ကောင်းစေတနာ အမွန်အမြတ်ထား၍ ကောင်းကျိုးဆောင်မည်။ အောင်မြင်မည်။ အမျိုးသားရေးအကျိုးစီးပွားကို မေ့လျော့၍ အုပ်စုတစ်စု တစ်ဖွဲ့တစ်ပါတီအတွက် ဦးစားမပေးရ။ မှားတတ်သည်။

နိုင်ငံ့ဝန်ထမ်းဟူသည် နိုင်ငံနှင့်ပြည်သူအတွက် ထာဝရသစ္စာရှိစွာဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ စေတနာ၊ စွမ်းဆောင်ရည်ကောင်းကြရပေမည်။ မျက်စိမှုန်မှိုင်း၊ နားလည်းထိုင်းစေ၊ ခါးကိုင်းပါစေ။ သစ္စာ၊ ဓမ္မ၊ ဝီရိယနှင့် စာဂညီပေ၊ ထမ်းရွက်နေမည်။ ဘိုးဘွားစဉ်ဆက်၊ တိုးတက်ရမည်။ တို့ပခုံးထက်ကတာဝန်တွေကို အကောင်းမွန်ဆုံးထမ်းရွက်ကြမည်လေ။

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win watches opening match of technological universities and computer science universities' championship football trophy for academic year 2022-2023





Vice-Senior General Soe Win watches the opening match.

**Nay Pyi Taw March 28**

Opening football match of technological universities and computer science universities' championship football trophy for academic year 2022-2023 was held at Wunnatheikdi Stadium in Nay Pyi Taw at 3 pm today, attended by Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were SAC members, Union ministers, the Nay Pyi Taw Council chairman, senior military officers, deputy ministers and officials.

Union Minister for Science and Technology Dr Myo Thein Kyaw gave the opening address and declared the tourney open. Footballers of the participating teams took the oath.

The Vice-Senior General and party cordially greeted the footballers.

They then watched the opening match between technological universities (upper Myanmar) team A and team D of the group three.

Team A scored the opener in the 37 minutes. In the second half, both teams tried hard, and team A scored its second in 50 minutes seven seconds. It secured another goal in the 64th minute and won the match with a three-nil victory.

In the four-group match, computer science universities' team A (upper Myanmar) comprising Mandalay Computer Science University, computer science universities (Pinlon, Bhamo), team B comprising computer science universities (Mandalay, Lashio, Taunggyi), and team C comprising computer science universities (Magway, Meiktila) are taking part in the group one.

Likewise, computer science universities (Lower Myanmar) team A comprising Yangon computer science university, IT university, computer science universities (Sittway, Myeik), team B comprising computer science universities (Pathein, Maubin, Hinthada, Thaton), team C comprising computer science universities Taunggo, Pyay, Hpa-an, Loikaw), are taking party in group two; technological universities (upper Myanmar) team A comprising Mandalay technological university, technological universities (Myitkyina, Bhamo, Magway, Pakokku), team B comprising technological universities (Kyaukse, Taunggyi, Lashio, Pinlon, Kengtung), team C comprising technological universities (Mandalay, Yadanabon cybercity, Kalay, Monywa, Sagaing), team D comprising Myanmar aerospace engineering university, Nay Pyi Taw technological university, technological universities (Meiktila, Yamethin) in group three; and technological universities (lower Myanmar) team A, Pyay technological university, technological universities (Hmawby, Toungoo), team B comprising Yangon technological university, technological universities (Sittway, Pathein, Hinthada), team C comprising (Thanlyin, Mawlamyine, Hpa-an), team D comprising Yangon West technological university, technological universities (Maubin, Dawei, Myeik) in group four. Group matched continue till 3 April, semifinal will be on 5 April and final on 7 April. 100



Union Minister for Science and Technology Dr Myo Thein Kyaw gives the opening speech.

# Myanmar's coffee entrepreneurs to join Café Show China 2023 in Beijing of China

**Yangon March 28**

Myanmar coffee entrepreneurs will show their products at the Café Show China 2023 to be held in Beijing of China, said CEC member U Zaw Min Than of the Myanmar Coffee Association.

The show will take place at the China international exhibition center with some 360 booths of coffee products in Beijing from 1 to 3 September 2023. It is expected to attend more than 76,000 coffee dealers and observers from more than 80 countries.

"This year's coffee show will be held in China under the title of Café Show China 2023. This show will be a gala meeting among coffee producers, growers and experts. As such, it is a great chance for Myanmar coffee entrepreneurs wishing to extend their wings to Europe and Asia. So, Myanmar coffee growers, producers and experts will attend the show," he added.

The association will arrange the travelling and showing products at booths for those wishing to showcase coffee products at the show.

ASH

# Tender for selling gold foils to be submitted for Buddha Pujaniya festival of Mann Shwesettaw Pagoda



An aerial view of the Mann Shwesettaw Pagoda.

**Minbu March 28**

Tender for selling gold foils can be submitted for the Buddha Pujaniya festival of Mann Shwesettaw Pagoda, according to the pagoda board of trustees.

The board invites tender applicants to sell 1.5 square inches gold foils for the pagoda festival in 2023. Hence, applicants may submit tender to the pagoda board of trustees.

Tender proposals are sold at K10,000 per copy as from 15 March 2023 till 22 March. Tender winners will be announced at the board of the trustees at 10 am on 15 March.

For further information, they may dial 09-257011566 and 09-5337499 of the pagoda board of trustees.

The Buddha Pujaniya festival lasts for three months from 5th waxing of Tabodwe to Myanmar New Year day.

This year, the festival was opened on 25 January 2023. It will last till 13 April 2023.

This year, the Buddha Pujaniya festival has arranged more than 600 lodges for visitors in the precinct of the pagoda. During the period from 25 January to 5 March, a total of 19,399 vehicles arrived there and 134,747 travellers paid visits to the pagoda. 336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Taninthayi Region earns US$52.089 million in export of marine products to Thailand in Jan-Feb

**Dawei March 28**

Export of marine products from Taninthayi Region to Thailand earned US$52.089 million in January and February 2023 through land border, said head of Region Fisheries Department U Aung Nyi Toe.

The marine products flew out to Thailand through Kawthoung, Myeik and Mawtaung border trade camps.

"Earnings of exporting marine products to Thailand reached US$28.129 million in January 2023 and US$23.96 million in February. In so doing, Kawthoung-Ranong route managed export of the largest volume of marine products to Thailand, earning US$180 million from April 2022 to February 2023. Mawtaung and Myeik camps handled US$48.95 million worth of exports in the same period of last year," U Aung Nyi Toe.

Myanmar opens border trade camps in Myawady, Tachilek, Kawthoung, Myeik, Htikhee, Mawtaung and Meisei along Myanmar-Thai border line for managing border trade measures with Thailand. ASH



The border crossing bridge in Kawthaung.

# More than 200,000 tons of maize exported to Thailand for earning more than US$64 million in Feb

**Nay Pyi Taw March 28**

A total of 202,890 tons of maize was exported to earn over US$64 million in February, according to the Ministry of Commerce.

Myanmar sent maize to China, Thailand, Bangladesh and the Philippines in February 2023, bagging US$46.113 million of earnings.

Thailand imports maize of Myanmar with zero tariff from February to the end of August every year but it increases tariff to 72 per cent in its harvesting period of maize.

In February, 941 tons of maize was exported to foreign market in shipping for earning US$29.034 million and 108,710 tons of maize for US$35.079 million through land borders.

During the period, Myanmar sent more than 80,000 tons tons of maize to Thailand, 7,300 tons to Bangladesh, 5,800 tons to the Philippines and 500 tons to China in shipping and more thn 99,000 tons to Thailand and over 8,800 tons to China through land border.

Myanmar exported the largest volume of maize to Thailand through both shipping and land border due to zero tariff of Thailand.

336



A stockpile of maize.

# Plan to conduct training for those wishing to grow avocado

**PyinOoLwin March 28**

The basic course to grow avocado plants will be conducted for those wishing to grow avocado in Mandalay in the last week of March, said U Myo Nyunt, joint general secretary-1 of the Myanmar Avocado Growers and Exporters Association.

The Myanmar Avocado Growers and Exporters Association will cooperate with Township Agriculture Department and it will be opened in Nawngpein Village of Kyaukme Township. If so, basic techniques of growing the avocado can be distributed to local growers.

"The training course will last for three days in the last week of March. Avocado plants can thrive proper climatic conditions and fertile soil. Local growers are far from the techniques of growing avocado plantations," said the general manager.

"The courses will be conducted in PyinOoLwin, Mogok, Northern Shan State, Nawnghkio townships, and Anyone may attend the course. The training charge will be set at K20,000 per person. There are 6,000 avocado growers in the nation.

185

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## Type 055 ဖျက်သင်္ဘောကြီး Wuxi က PLA ရေတပ်၏ ကမ်းဝေးပင်လယ်ပြင်စစ်ဆင်ရေးစွမ်းရည်များမြှင့်တင်ပေးခဲ့



တရုတ်နိုင်ငံ PLA ရေတပ်၏ Type 055 ဖျက်သင်္ဘောကြီး Wuxi က မြောက်ပိုင်းပင်လယ်ပြင်စစ်ရေယာဉ်စု၏ ကမ်းဝေးပင်လယ်ပြင်စစ်ဆင်ရေးစွမ်းရည်များ မြှင့်တင်ပေးခဲ့ပြီး စတုတ္ထမြောက်တိုက်ပွဲဝင်အသင့် တန် ၁၀၀၀၀ အတန်းအစား ဖျက်သင်္ဘောတစ်စီးဖြစ်လာခဲ့ကြောင်း နိုင်ငံပိုင်ဂလိုဘယ်လ်တိုင်းမ်စ်သတင်းစာ၏ မတ် ၂၆ ရက်ထုတ်သတင်းများအရ သိရသည်။

PLA ၏ Type 055 စစ်သင်္ဘောများ များများပိုင်ဆိုင်လာလေလေ ကမ်းဝေးပင်လယ်ပြင် စစ်ဆင်ရေးစွမ်းဆောင်ရည် ပိုမိုမြင့်မားလာလေလေဟု ကျွမ်းကျင်သူများက ပြောကြားခဲ့ကြသည်။

PLA မြောက်ပိုင်းစစ်နယ်ဝန်းရေတပ်ဌာနချုပ်လက်အောက်ရှိ ရေယာဉ်လေ့ကျင့်ရေးစင်တာက ဦးဆောင်၍ Type 055 ဖျက်သင်္ဘော Wuxi ကို မကြာသေးမီက ပင်လယ်ဝါတွင် ဘက်စုံလေကြောင်းရန်ကာကွယ်ရေး၊ ဒုံးကျည်ကာကွယ်ရေး၊ ပင်လယ်ပြင်တိုက်ခိုက်ရေး၊ ရှုပ်ထွေးသောလျှပ်စစ်သံလိုက်နှောင့်ယှက်လှိုင်းများကြားတွင် ရေငုပ်သင်္ဘောတန်ပြန်တိုက်ဖျက်ရေးစသည့် လေ့ကျင့်ရေးဘာသာရပ်များကို သုံးရက်ကြာစမ်းသပ်လေ့ကျင့်မှုများ အပြင်းအထန်ပြုလုပ်ခဲ့ကြကြောင်း နိုင်ငံပိုင်ရုပ်သံလိုင်းCCTVသတင်းဌာနကဖော်ပြခဲ့သည်။

စမ်းသပ်မှုများအတွင်း တိမ်ထူထပ်ပြီး ပင်လယ်ပြင်တွင် လှိုင်းထန်နေသည့်ကြားမှ အရေးပေါ်အမိန့်တစ်ရပ် လက်ခံရရှိခဲ့ပြီးနောက် ဖျက်သင်္ဘော Wuxi သည် တရုတ်နိုင်ငံအရှေ့ပိုင်း Shandong ပြည်နယ်၊ Qingdao ရှိ ရေတပ်ဆိပ်ကမ်းမှ ထွက်ခွာခဲ့ခြင်းဖြစ်သည်။

ဖျက်သင်္ဘောသည် လမ်းကြောင်းတစ်လျှောက်ခုတ်မောင်းရာတွင် ပင်လယ်ရေကြောင်းနှင့် ဝေဟင်ပစ်မှတ်တုများကို သဏ္ဌာန်တူလေ့ကျင့်မှုပုံစံမျိုးဖြင့် တိုက်ရိုက်ပစ်ခတ်စဉ်များကို ပင်မစက်သေနတ်၊ အနီးကပ်လက်နက်စနစ်များဖြင့် လေ့ကျင့်ပစ်ခတ်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ကြသည်။

ထို့နောက် Wuxi တွင် လိုက်ပါလာသော Z-9 သင်္ဘောတင် ရဟတ်ယာဉ်တစ်စင်းကို ရှာဖွေကယ်ဆယ်ရေးစမ်းသပ်မှုတစ်ခုတွင် သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသော ငါးဖမ်းသင်္ဘောတစ်စင်းကို ကယ်တင်ခဲ့သည့်ပုံစံမျိုး လေ့ကျင့်လုပ်ဆောင်ခဲ့ကြသည်။

စစ်ရေယာဉ်လေ့ကျင့်ရေးစင်တာသည် စမ်းသပ်မှုအတွင်း ဖျက်သင်္ဘော Wuxi ကို ရင်ဆိုင်ရန် သို့မဟုတ် ပံ့ပိုးရန်ရေယာဉ်များ၊ ရေငုပ်သင်္ဘောများနှင့် တိုက်လေယာဉ်များအပါအဝင် အခြားတပ်ဖွဲ့များကို စေလွှတ်ထားသောကြောင့် ပင်လယ်ရေမျက်နှာပြင်၊ ရေအောက်နှင့် လေကြောင်းဆိုင်ရာ ခြိမ်းခြောက်မှုအမျိုးမျိုးအောက်တွင် အရေးပေါ်အခြေအနေအမျိုးမျိုးကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းကို ပြသနိုင်ခဲ့ကြောင်း CCTV က အစီရင်ခံခဲ့သည်။

Type 052D ဖျက်သင်္ဘောနှင့် Type 09III နျူကလီးယားစွမ်းအင်သုံး တိုက်ခိုက်ရေးရေငုပ်သင်္ဘောတစ်စီးတို့ ဖျက်သင်္ဘော Wuxi အတွက် စမ်းသပ်လေ့ကျင့်မှုများတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါစမ်းသပ်မှုသည် စစ်သင်္ဘော၏ အနာဂတ်မစ်ရှင်များ၊ ပတ်ဝန်းကျင်နှင့်ပြိုင်ဘက်များကို အာရုံစိုက်ကာ စစ်သင်္ဘော၏ ရေရှည်တည်တံ့သော တိုက်ခိုက်ရေးစွမ်းရည်များနှင့် အရေးပေါ်အခြေအနေများကို ကိုင်တွယ်ရာတွင် သင်္ဘောသားများ၏ လျင်မြန်သောတုံ့ပြန်မှုများကို ထိရောက်စွာစမ်းသပ်နိုင်ခဲ့ကြောင်း စစ်ရေယာဉ်လေ့ကျင့်ရေးစင်တာမှ အရာရှိချုပ် Li Guoqiang က ပြောကြားခဲ့သည်။

စမ်းသပ်မှုတွင် အမျိုးအစားသစ်ဖျက်သင်္ဘော၏ တိုက်ခိုက်ရေးစွမ်းရည်ကို မြန်နိုင်သမျှမြန်အောင် ပိုင်ဆိုင်လာနိုင်စေရေး ရည်ရွယ်ချက်ဖြင့် စံနှုန်းမြင့်မားစွာလုပ်ဆောင်နိုင်ခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။

ဖျက်သင်္ဘော Wuxi သည် ၂၀၂၂ ခုနှစ် မတ်လတွင် စတင်တပ်တော်ဝင်ပြီးနောက်တစ်နှစ်အကြာတွင် တိုက်ပွဲဝင်အသင့်စွမ်းဆောင်ရည်များကို အောင်မြင်စွာ ပိုင်ဆိုင်လာနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ PLA မြောက်ပိုင်းစစ်နယ်ဝန်းရေတပ်ဌာနချုပ် သို့မဟုတ် မြောက်ပိုင်းပင်လယ်ပြင်စစ်ရေယာဉ်စုသို့ လက်ရှိလွှဲပြောင်းပေးအပ်ခဲ့ပြီးသော Type 055 ဖျက်သင်္ဘောကြီး လေးစီးစလုံးသည် ယခုအခါတိုက်ပွဲဝင်အသင့်စစ်ဆင်ရေးစွမ်းရည်များပိုင်ဆိုင်ထားပြီဟု လေ့လာသူများက သုံးသပ်ထားကြသည်။

**PLA Navy's Type 055 large destroyer Wuxi achieves operational capability, 'boosting North Sea Fleet's far sea capabilities} ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှား စစ်ဘက်-စက်မှုလုပ်ငန်းများ အလွန်လျင်မြန်သောအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေ




ရုရှား စစ်ဘက်-စက်မှုလုပ်ငန်းများ အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီး လာမည့်သုံးနှစ်အတွင်း တင့်ကားအစီးရေ ၁၆၀၀ ကျော်ထုတ်လုပ်၍ ခေတ်မီ အဆင့်မြှင့်တင်လုပ်ဆောင်သွားမည်ဟု ရုရှားသမ္မတပူတင်က မတ် ၂၅ ရက်တွင် ရုရှားဂျာနယ်လစ် Pavel Zarubin နှင့် Moscow. Kremlin. Putin အစီအစဉ်အတွက် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

"ယူကရိန်းစစ်မြေပြင်ဆီ တင့်ကားအစီးရေ ၄၂၀ ဒါမှမဟုတ် တင့်ကားအစီး ၄၄၀ ပို့ဖို့စီစဉ်ထားပါတယ်။ အားလုံးက ခဲယမ်းမီးကျောက်တွေ တစ်ပါတည်းပါပါ့မယ်"ဟု ရုရှားသမ္မတပူတင်၏ပြောကြားချက်အပေါ် ကိုးကား၍ The Jerusalem Post က ထပ်ဆင့်အစီရင်ခံဖော်ပြထားသည်။

"ရုရှားစစ်ဘက်ရဲ့ စုစုပေါင်းတင့်ကားအရေအတွက်ဟာ ယူကရိန်းတပ်မတော်ရဲ့ တင့်ကားအရေအတွက်ထက် သုံးဆဖြစ်လိမ့်မယ်။ သုံးဆထက်တောင် ပိုနေလိမ့်မယ်။ ကျွန်တော်က လေတပ်အကြောင်း မပြောပါဘူး။ ပမာဏကော၊ စွမ်းဆောင်ရည်ပါ ဆယ်ဆကွာပါတယ်။ ဒီနှစ်မှာ အမေရိကန်က အမြောက်ကျည် ၁၅၀၀၀ ကနေ နောက်နှစ်မှာ ၄၂၀၀၀ ထိ ပေးအပ်သွားမယ်ဆိုရင် အခြားနိုင်ငံတွေ အတွက် ကျည်ဆန်တွေနောက်ထပ်ပံ့ပိုးပေးဖို့ ပိုခက်မယ်လို့ထင်ပါတယ်။ နိုင်ငံတိုင်းမှာ ကိုယ်ပိုင်စည်းမျဉ်းတွေရှိပါသေးတယ်။ နိုင်ငံတိုင်းမှာ လက်နက်ကိုင်တပ်ဖွဲ့တွေ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ နိုင်ငံတော်ရဲ့စီးပွားရေး၊ အခြေခံအဆောက်အအုံ၊ ပညာရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သူတို့ရဲ့ ကိုယ်ပိုင်အစီအစဉ်တွေရှိနေပါတယ်"ဟု ရုရှားသမ္မတပူတင်က ဆိုသည်။

"စစ်ဘက် ကွပ်ကဲမှုဌာနချုပ်အဆင့် အသီးသီးမှာဆုံးဖြတ်ချက်ချတာရဲ့ ကျိုးကြောင်းဆီလျော်မှုကိုအကဲမဖြတ်ချင်ပေမဲ့ အခုတော့ သိတဲ့အတိုင်း ယူကရိန်းမှာ ကာကွယ်ရေးဝန်ကြီးဌာနနဲ့ စစ်ဦးစီးချုပ်တို့တောင် ကန့်သတ်ချက်တချို့ကို လက်ခံကျင့်သုံးဖို့ တွန်းအားပေးခံနေရပါတယ်။ တစ်ချိန်တည်းမှာ ရုရှားရဲ့ကုန်ထုတ်လုပ်မှု၊ ရုရှားရဲ့ စစ်ဘက်-စက်မှုလုပ်ငန်းတွေ အများထင်မှတ်မထားတဲ့ပမာဏနဲ့ အလွန်လျင်မြန်တဲ့အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်နေပါတယ်။ ဒီအချိန်ကာလမှာ ရုရှားစက်မှုလုပ်ငန်းဟာ ခဲယမ်းမီးကျောက်တွေကို သုံးဆပိုမိုထုတ်လုပ်နိုင်မှာဖြစ်ပြီး သုံးဆထက်ပိုပြီး ပိုမိုများပြားနိုင်ပါတယ်" ဟု ရုရှားသမ္မတ ပူတင်က ထည့်သွင်းပြောကြားသည်။

ရုရှားစစ်ဘက်-စက်မှု လုပ်ငန်းများသည် ရုရှားနိုင်ငံရှိ စစ်ဘက်ဆိုင်ရာပစ္စည်းများနှင့် နည်းပညာများကို ဒီဇိုင်းရေးဆွဲခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်လုပ်မှုနှင့်ပြုပြင်ထိန်းသိမ်းမှုတွင်ပါဝင်သောကုမ္ပဏီများ၊ သုတေသနဌာနများနှင့် အစိုးရအေဂျင်စီများ၏ ကွန်ရက်ကို ဖော်ပြရန်အတွက် အသုံးပြုသည့်ဝေါဟာရဖြစ်သည်။

ရုရှားနိုင်ငံ စစ်ဘက်ဆိုင်ရာစက်မှုဇုန်သည် နိုင်ငံ့စီးပွားရေး၏ အရေးကြီးသော အစိတ်အပိုင်းအဖြစ် ဆက်လက်တည်ရှိနေပြီး ရုရှားသည် စစ်လက်နက်ပစ္စည်းများနှင့် နည်းပညာများကို အဓိကတင်ပို့ရောင်းချနေသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ရုရှားအစိုးရသည် မကြာသေးမီနှစ်များအတွင်း ၎င်း၏စစ်ဘက်ဆိုင်ရာစွမ်းရည်များ ခေတ်မီရေးနှင့် တိုးချဲ့ရေးတွင် ကြီးကြီးမားမားရင်းနှီးမြှုပ်နှံခဲ့ပြီး စစ်ဘက်-စက်မှုဆိုင်ရာလုပ်ငန်းစုများသည် ကြိုးပမ်းမှု၏ အဓိက အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

ရုရှားစစ်ဘက်-စက်မှုဇုန်တွင် ပါဝင်သော အဓိကကုမ္ပဏီများတွင် United Shipbuilding Corporation၊ Rostec၊ Almaz-Antey၊ Sukhoi နှင့် Rosoboronexport တို့ပါဝင်သည်။ အဆိုပါကုမ္ပဏီများသည် တင့်ကားများ၊ တိုက်လေယာဉ်များ၊ ရေငုပ်သင်္ဘောများနှင့် ဒုံးကျည်များ အပါအဝင် စစ်ဘက်ဆိုင်ရာ စစ်လက်နက်ပစ္စည်းကိရိယာအများအပြားထုတ်လုပ်ရေးတွင် ထိပ်တန်းဦးဆောင်သောကုမ္ပဏီများဖြစ်ကြကြောင်း သိရသည်။

**Russian military-industrial complex is developing at a very fast pace ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ယခုဘဏ္ဍာနှစ် ဖေဖော်ဝါရီလထိ ကုန်သေတ္တာတင်သင်္ဘော ၅၉၅ စီး ဆိုက်ကပ်ခဲ့ပြီး ကုန်သေတ္တာ ၇၆၉၈၉၄ လုံး ကိုင်တွယ်ဆောင်ရွက်ပေးနိုင်ခဲ့



**ရန်ကုန် မတ် ၂၈**

ယခုဘဏ္ဍာနှစ် ဖေဖော်ဝါရီလထိ ကုန်သေတ္တာတင်သင်္ဘော ၅၉၅ စီး ဆိုက်ကပ်ခဲ့ပြီး ကုန်သေတ္တာ ၇၆၉၈၉၄ လုံးကိုင်တွယ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံသို့ လာရောက်ဆိုက်ကပ်နေသည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေကြောင်း သင်္ဘောကြီးများတွင် ကုန်သေတ္တာတင် သင်္ဘောကြီးများ၊ အထွေထွေကုန်စည်တင် သင်္ဘောကြီးများ၊ စက်သုံးဆီတင်သင်္ဘောကြီးများနှင့် စားသုံးဆီတင် သင်္ဘောကြီးများ ပါဝင်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေကြောင်း သင်္ဘောကြီးများအနက် ၂၀၂၂ ခုနှစ် ဧပြီလတွင် ကုန်သေတ္တာတင်သင်္ဘော ၄၉ စီး၊ မေလတွင် ကုန်သေတ္တာတင်သင်္ဘော ၅၂ စီး၊ ဇွန်လတွင် ကုန်သေတ္တာတင်သင်္ဘော ၅၁ စီး၊ ဇူလိုင်လတွင် ကုန်သေတ္တာတင် သင်္ဘော ၄၅ စီး၊ ဩဂုတ်လတွင် ကုန်သေတ္တာတင်သင်္ဘော ၆၃ စီး၊ စက်တင်ဘာလတွင် ကုန်သေတ္တာတင်သင်္ဘော ၅၈ စီး၊ အောက်တိုဘာလတွင် ကုန်သေတ္တာတင် သင်္ဘော ၅၁ စီး၊ နိုဝင်ဘာလတွင် ကုန်သေတ္တာတင် သင်္ဘော ၅၅ စီး၊ ဒီဇင်ဘာလတွင် ကုန်သေတ္တာတင်သင်္ဘော ၅၆ စီး၊ ယခုနှစ် ဇန်နဝါရီလတွင် ကုန်သေတ္တာတင်သင်္ဘော အစီး ၆၀ နှင့် ဖေဖော်ဝါရီလတွင် ကုန်သေတ္တာတင်သင်္ဘော ၅၅ စီး စုစုပေါင်းကုန်သေတ္တာတင်သင်္ဘော ၅၉၅ စီးဝင်ရောက်ဆိုက်ကပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ဝင်ရောက်ဆိုက်ကပ်ခဲ့သည့် ကုန်သေတ္တာတင်သင်္ဘောကြီး ၅၉၅ စီးမှ သွင်းကုန် ကုန်သေတ္တာ ၃၈၇၀၄၉ လုံးနှင့် ပို့ကုန် ကုန်သေတ္တာ ၃၈၂၈၄၅ လုံး စုစုပေါင်း ကုန်သေတ္တာ ၇၆၉၈၉၄ လုံး ကိုင်တွယ်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။ (၃၃၆)

# မိုးမိတ်မြို့နယ် ပေကုန်း(လားဟူ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဋ္ဌမအကြိမ်ထုတ်ချေး

**မိုးမိတ် မတ် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေကုန်း(လားဟူ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၈ သိန်းကို လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များက ပေကုန်း(လားဟူ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းပဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၃ ဦးကို စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်နှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နတ်မောက် မတ် ၂၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုန်းတော်ပြည့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့ နံနက် ၈ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ဦးစီးမှူး ဦးဝင်းသူရ၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်ဘုန်းတော်ပြည့်ကျေးရွာ၌ ကော်မတီဝင်များ၏ ငွေစာရင်းပြည့်သွင်းထားမှု၊ စာရင်းဇယားထိန်းသိမ်းမှုများနှင့် စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာပေါင်း ၃၉ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဘုန်းတော်ပြည့်ကျေးရွာတွင် ငွေကျပ် ၅၉ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သော်သော်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၈-၃-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၆၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၀၀၀၀ |
| **(ရွှဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဒီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၁၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၅၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |


(၁၈၅)

# (၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပမှု ဓာတ်ပုံမြင်ကွင်း










# (၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပမှု ဓာတ်ပုံမြင်ကွင်း















# နိုင်ငံရေးပါတီများတည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းနှင့် ပါတီဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ်(၅/ ၂၀၁၂)**

၁၃၇၄ ခုနှစ် တန်ခူးလဆန်း ၈ ရက်

(၂၀၁၂ ခုနှစ် မတ်လ ၂၈ ရက်)

**နိုင်ငံရေးပါတီများတည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းနှင့် ပါတီဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ကြေညာခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ်(၁၅/ ၂၀၁၀)ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၁၀/ ၂၀၁၀)ဖြင့်လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ တည်ဆဲနိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ ပါတီမှတ်ပုံတင်ခွင့်ပြန်လည်လျှောက်ထားရမည်ဖြစ်သည်။ ယင်းသို့လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ အကျုံးဝင်သည့် တည်ဆဲနိုင်ငံရေးပါတီ ၉၀ အနက် သတ်မှတ်ကာလ ရက်ပေါင်း ၆၀ ပြည့်မြောက်သည့် ၂၈-၃-၂၀၁၂ ရက်ထိ ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ကို အောက်ဖော်ပြပါ ပါတီ ၅၀ က လျှောက်ထားခဲ့သည်-

| စဉ် | ပါတီအမည် |
|---|---|
| (က) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (ခ) | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD) |
| (ဂ) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ |
| (ဃ) | ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)] [N.D.P (Kachin)] |
| (င) | ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ |
| (စ) | အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY) |
| (ဆ) | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ |
| (ဇ) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (ဈ) | ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)] |
| (ည) | ပြည်သူ့အင်အားပါတီ |
| (ဋ) | ကချင်ပြည်နယ်ပြည်သူ့ပါတီ[Kachin State People's Party(KSPP)] |
| (ဌ) | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) [LISU NATIONAL DEVELOPMENT PARTY (L.N.D.P)] |
| (ဍ) | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ [TAI-LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)] |
| (ဎ) | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan-Ni Solidarity Party(S.S.P)] |
| (ဏ) | လူထုပါတီ(The Party for People) |
| (တ) | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| (ထ) | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party) |
| (ဒ) | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ |
| (ဓ) | ပြည်သူ့ရှေ့ဆောင်ပါတီ(People's Pioneer Party) |
| (န) | မွန်ညီညွတ်ရေးပါတီ(Mon Unity Party) |
| (ပ) | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farme'rs Development Party) |
| (ဖ) | ပြည်သူ့အလုပ်သမားပါတီ |
| (ဗ) | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| (ဘ) | အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics(DNP)] |
| (မ) | ကချင်အမျိုးသားကွန်ဂရက်ပါတီ[Kachin National Congress (KNC)] |
| (ယ) | ရခိုင်အမျိုးသားပါတီ(Arakan National Party) |
| (ရ) | လူ့ဘောင်သစ်ပါတီ(NSP) |
| (လ) | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ |
| (ဝ) | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ(Inn National League Party) |
| (သ) | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ(KKDUP) |
| (ဟ) | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)] |
| (ဠ) | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party) |
| (အ) | ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ |
| (ကက) | နာဂအမျိုးသားပါတီ [Naga National Party (NNP)] |
| (ခခ) | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ [THE 88 GENERATION STUDENT YOUTHS(UNION OF MYANMAR)PARTY] |
| (ဂဂ) | "ဝ"အမျိုးသားပါတီ(WA NATIONAL PARTY) |
| (ဃဃ) | ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ(DNOP) |
| (ငင) | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY) |
| (စစ) | ပြည်သူ့ပါတီ(People's Party) |
| (ဆဆ) | မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ |
| (ဇဇ) | အမျိုးသမီးပါတီ(မွန်) |
| (ဈဈ) | မြို့တိုင်းရင်းသားပါတီ |
| (ညည) | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Zomi Congress for Democracy Party) |
| (ဋဋ) | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party) |
| (ဌဌ) | ခေတ်သစ်ပြည်သူ့ပါတီ(Modern People Party) |
| (ဍဍ) | ကရင်ပြည်သူ့ပါတီ(KPP) |
| (ဎဎ) | ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ(Democracy and Human Rights Party) |
| (ဏဏ) | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ(MRO NATIONAL DEVELOPMENT PARTY) |
| (တတ) | ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ |
| (ထထ) | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ |

၃။ သတ်မှတ်ကာလအတွင်းလျှောက်ထားခြင်းမရှိသည့် အောက်ဖော်ပြပါ နိုင်ငံရေးပါတီ ၄၀ တို့သည် နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သဖြင့် ယင်းပါတီများကို ၂၉-၃-၂၀၁၂ ရက်မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှပယ်ဖျက်၍ ပါတီများကို ဖျက်သိမ်းလိုက်သည်-

| စဉ် | ပါတီအမည် |
|---|---|
| (က) | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| (ခ) | ဒီမိုကရက်တစ်ပါတီ(မြန်မာ) |
| (ဂ) | ကယန်းအမျိုးသားပါတီ |
| (ဃ) | တအာင်း(ပလောင်)အမျိုးသားပါတီ |
| (င) | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ |
| (စ) | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ |
| (ဆ) | ဝံသာနုဒီမိုကရက်တစ်ပါတီ |
| (ဇ) | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ (National Democratic Party for Development) |
| (ဈ) | တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ [Ethnic National Development Party(ENDP)] |
| (ည) | ကမန်အမျိုးသားတိုးတက်ရေးပါတီ |
| (ဋ) | ဗမာပြည်သူ့ပါတီ(Bamar People's Party) |
| (ဌ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (ဍ) | မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ |
| (ဎ) | မြန်မာအမျိုးသားကွန်ဂရက်(Myanmar National Congress ) ပါတီ |
| (ဏ) | အရှိုချင်းအမျိုးသားပါတီ(Asho Chin National Party) |
| (တ) | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် |
| (ထ) | အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ |
| (ဒ) | အမျိုးသားတိုးတက်မြင့်မားရေးပါတီ (National Prosperity Party) |
| (ဓ) | ထားဝယ်တိုင်းရင်းသားများပါတီ |
| (န) | ဖက်ဒရယ်ပြည်ထောင်စုပါတီ(Federal Union Party) |
| (ပ) | ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(ပ. အ. မ. ဖ) ပါတီ |
| (ဖ) | ခူမီး(ခမီး)အမျိုးသားပါတီ[KHUMI (KHAMI) NATIONAL PARTY] |
| (ဗ) | လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ |
| (ဘ) | ကရင်အမျိုးသားပါတီ |
| (မ) | မြိုအမျိုးသားဒီမိုကရေစီပါတီ |
| (ယ) | လမ်းပြကြယ်ပါတီ |
| (ရ) | ၈၈ မျိုးဆက်ဒီမိုကရေစီပါတီ |
| (လ) | လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (ဝ) | ခေတ်သစ်ပြည်ထောင်စုပါတီ |
| (သ) | ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ |
| (ဟ) | အမျိုးသားတိုးတက်ရေးပါတီ |
| (ဠ) | ဗိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ |
| (အ) | ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (ကက) | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ(Kayah State Democratic Party ) |
| (ခခ) | အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ(အန်ယူဒီပီ) [National United Democratic Party (N.U.D.P)] |
| (ဂဂ) | အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ [The Yeomanry Development Party (YDP)] |
| (ဃဃ) | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party) |
| (ငင) | ချင်းတိုင်းရင်းသားများပါတီ[Chin National Party (CNP)] |
| (စစ) | ကချင်အမျိုးသားပါတီ(Kachin National Party) |
| (ဆဆ) | မြန်မာနိုင်ငံအလုပ်သမားလယ်သမားမဟာမိတ်ပါတီ [Alliance of Myanmar's Worker and Farmer Party(A.M.W.F.P)] |

၄။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့် ပါတီ ၁၃ ပါတီမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ပါတီအမည် |
|---|---|
| (က) | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ |
| (ခ) | ပြည်ထောင်စုဒီမိုကရေစီပါတီ(Union Democracy Party) |
| (ဂ) | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ |
| (ဃ) | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ |
| (င) | ဝံသာနုပါတီ |
| (စ) | ဒီမိုကရက်တစ်ပါတီ |
| (ဆ) | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ |
| (ဇ) | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ |
| (ဈ) | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ |
| (ည) | ဒီမိုကရေစီပါတီ |
| (ဋ) | ခူမီးအမျိုးသားပါတီ |
| (ဌ) | ချင်းပြည်သူ့ပါတီ |
| (ဍ) | ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ |

၅။ နိုင်ငံရေးပါတီတစ်ရပ် တည်ထောင်လိုသူများသည် ပါတီတည်ထောင်ခွင့်ကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ ဆက်လက်လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

**(ပုံ) သိန်းစိုး**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# လားရှိုးမြို့ရှိ ရွှေဟောင်းသမိုင်းဝင် ဆုတောင်းပြည့်မန်ဆူစေတီတော်မြတ်ကြီး၌ တတိယအကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မန်ဆူဘုရားကြီး ပရိဝုဏ်အတွင်း၌ တည်ထားကိုးကွယ်လျက်ရှိသော ရွှေဟောင်းသမိုင်းဝင် ဆုတောင်းပြည့်မန်ဆူစေတီတော်မြတ်ကြီးအား တတိယအကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အလှူငွေပေးအပ်လှူဒါန်းခြင်းကို မတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် အဆိုပါစေတီတော်ကြီး၌ ပြုလုပ်ရာ လားရှိုးမြို့ မဟာဇောဓာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တနာရဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာဇောဓာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းမှူးက လှူဒါန်းငွေပေးအပ်ရခြင်းနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များထံသို့ အလှူငွေများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စေတနာရှင်အလှူရှင်များက လာရောက်လှူဒါန်းသည့် အလှူငွေကျပ် ၁၅၃၈၉၀၀၀၀ အား လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး အေတီတပ်ဦးကျောင်းတိုက် ဆရာတော်ကြီးနှင့် မန်ဆူဘုရားကြီးကျောင်းတိုက် ဆရာတော်ကြီးများထံမှ ဆုံးမဩဝါဒတရားများ နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။



ဆရာတော်ထံ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

# လွိုင်ကော်မြို့နှင့် တောင်ငူမြို့တို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၂၈**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံဝင်းများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

# ကျောင်းသား၊ ကျောင်းသူများ၏ နွေရာသီကျောင်းပိတ်ရက်ကာလများကို အကျိုးရှိစွာအသုံးချနိုင်ရန်အတွက် တိုင်းစစ်ဌာနချုပ်အသီးသီး၌ နွေရာသီသင်တန်းများဖွင့်လှစ်

**နေပြည်တော် မတ် ၂၈**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက် ကာလများတွင် အားလပ်ချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရန်၊ ဘာသာ၊သာသနာကို တန်ဖိုးထားတတ်စေရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး မြတ်ဗုဒ္ဓ၏အဆုံးအမနှင့် ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာနားလည်စေရန်နှင့် ယဉ်ကျေးလိမ္မာစေရန်ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်များ၊ တပ်နယ်၊ တပ်ရင်း၊တပ်ဖွဲ့များရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို ယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်း၊ အခြေခံအင်္ဂလိပ်စာသင်တန်းနှင့် မြန်မာ့သိုင်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ မြန်မာ့သိုင်းသင်တန်းကိုလည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အလုံတပ်မြို့ရှိ ကျောင်းခန်းမ၌ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းတို့ကို လည်းကောင်း အသီးသီးဖွင့်လှစ်သင်ကြားပေးကြသည်။

သင်တန်းဖွင့်ပွဲများသို့ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ ဖွင့်ပွဲများတွင် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းဖွင့်အမှာစကားများပြောကြားကြပြီး သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။ ထို့နောက် သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို နွေရာသီသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ နွေရာသီသင်တန်းများ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ပုသိမ်မြို့ စံပြဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံရှိ ဥစားကြက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၂၈**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နေ့လယ်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ စံပြဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံရှိ ဟင်းသီးဟင်းရွက်နှင့် ရာသီသီးနှံများစိုက်ပျိုးထားရှိမှု၊ မြေအစားထိုး ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်စိုက်ပျိုးထားရှိမှု၊ ဥစားကြက်၊ DYL ဝက်နှင့် ဥစားဘဲမွေးမြူထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများအပ်နှင်းခြင်းနှင့် မူပိုင်ခွင့်တရားရုံးကချမှတ်သည့် စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်များအပေါ် အယူခံ၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမိန့်ကြော်ငြာစာများထုတ်ပြန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၂/၂၀၂၃ အရ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ စတင်အာဏာတည်သည့် ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်မှစ၍ ကျင့်သုံးရမည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများနှင့် မူပိုင်ခွင့်တရားရုံးကချမှတ်သည့် စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံ၊ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများအပ်နှင်းသည့် ၂၀၂၃ ခုနှစ် မတ်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၃၅/၂၀၂၃)၊ (၂၃၆/၂၀၂၃)၊ (၂၃၇/၂၀၂၃)၊ (၂၃၈/၂၀၂၃)နှင့် (၂၃၉/၂၀၂၃) တို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်လိုက်သည်။

၁။ **အမိန့်ကြော်ငြာစာအမှတ် (၂၃၅/၂၀၂၃)** - ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၇ (ဂ)နှင့် ( င)တို့အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အား အောက်ပါကိစ္စရပ်များကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၆ အရ အေဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် လျှောက်ထားမှုများ၊

(ခ) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၇၂ အရ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့်အပေါ် လျှောက်ထားမှုများ။

၂။ **အမိန့်ကြော်ငြာစာအမှတ် (၂၃၆/၂၀၂၃)** - ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၇ (ဂ) အရ အောက်ဖော်ပြပါ တရားရုံးများအား ယင်းဥပဒေအရ အရေးယူဆောင်ရွက်သည့် ရာဇဝတ်မှုများကိုစစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ ရာဇဝတ်မူလမှုစီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများ

(ဂ) ခရိုင်တရားရုံးများ

၃။ အမိန့်ကြော်ငြာစာအမှတ် (၂၃၇/၂၀၂၃) - ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၇ (ဃ) အရ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များအား မိမိတို့စီရင်ပိုင်ခွင့်ဒေသအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့်ခရိုင်တရားရုံးများက ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရချမှတ်ခဲ့သည့် ရာဇဝတ်ဆိုင်ရာစီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်များအပေါ် အယူခံ၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကိုအပ်နှင်းလိုက်သည်။

၄။ **အမိန့်ကြော်ငြာစာအမှတ် (၂၃၈/၂၀၂၃)** - ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၇ (ဂ) အရ ကျောက်တံတားခရိုင်တရားရုံးအား အောက်ပါကိစ္စရပ်များကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ တရားမမူလမှုစီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပါ မူပိုင်ခွင့် အခွင့်အရေး ချိုးဖောက်ခြင်းနှင့်စပ်လျဉ်းသည့် တရားမကြောင်းအရစွဲဆိုမှုများ၊

(ခ) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေ ပုဒ်မ ၇၇(က) အရ ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားမှုများ။

၅။ **အမိန့်ကြော်ငြာစာအမှတ် (၂၃၉/၂၀၂၃)** - ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၇ (ဃ) အရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အား မူပိုင်ခွင့်တရားရုံးက တရားမမှုများတွင်ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံ၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာနေသူများဖြစ်ကြသည့် သန့်ဇင်ဦးနှင့် စန်းသီတာလွင်တို့သည် ၎င်းတို့အသုံးပြုသည့် "Thant Zin Oo" Facebook အကောင့်၊ "San Thidar Lwin" Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ဟုမ္မလင်းရပ်ကွက်နေ သန့်စင်ထွန်းသည် ၎င်းအသုံးပြုသည့် "Thant Sin Htun" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျွဲတောအင်းကျေးရွာနေ ဟိန်းစည်သူရှိန် (ခ)စည်သူ (ခ)စည်သူရှိန်သည် ၎င်းအသုံးပြုသည့် "Sithu Shein" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဆားလင်းကုန်းကျေးရွာနေသူများဖြစ်ကြသည့် မောင်မောင်ဖြိုးနှင့် ဝေလင်းထွန်း(ခ)Fire တို့သည် ၎င်းတို့အသုံးပြုသည့် "Mg Mg Phyo" Facebook အကောင့်၊ "Wai Linn Htun" Facebook အကောင့်နှင့် အောင်လံမြို့နယ် ဘင်ဟုန်ကျေးရွာနေ ဖိုးတဆစ်(ခ)ဖိုးဇော်သည် ၎င်းအသုံးပြုသည့် "Phoe Zaw" Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အစိုးရမမှာစရိယစာမေးပွဲ သတ္တမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ကျင်းပ

**နေပြည်တော် မတ် ၂၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ် အစိုးရမမှာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ တို့၌ သတ္တမနေ့အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၂၉ ဌာနတို့၌ ပထမနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရမမှာစရိယစာမေးပွဲ သတ္တမနေ့ကို စာရင်းသွင်း ၂၃၁၁ ပါး၊ ဦးအနက် ၁၄၂၉ ပါးဦးဖြေဆိုကြသဖြင့် ၆၁ ဒသမ ၈၃ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ပထမနေ့ကို စာရင်းသွင်း ၅၇၃၆၃ပါးဦးအနက် ၄၆၀၆၀ ပါးဦးဖြေဆိုကြသဖြင့် ၈၀ ဒသမ ၃၀ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှသိရသည်။ **(သတင်းစဉ်)**

# နိုင်ငံရေးပါတီများတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လျှောက်ထား

**နေပြည်တော် မတ် ၂၈**

ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၅/၂၀၂၃) ဖြင့် ပြဋ္ဌာန်းခဲ့သည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၁၃ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀ စုစုပေါင်း ၆၃ ပါတီရှိပြီဖြစ်သည်။ ထိုသို့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ နိုင်ငံရေးပါတီဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားပြီးသည့် ပါတီများတွင် ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီ ၁၂ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ၅၁ ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀)အရ တည်ရှိနေသောပါတီများသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၁၅/ ၂၀၂၃) ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားရမည့် သတ်မှတ်ကာလမှာ ယနေ့တွင် ကုန်ဆုံးသွားပြီဖြစ်ပါသည်။ သတ်မှတ်ကာလအတွင်း လျှောက်ထားခြင်းမရှိသည့် နိုင်ငံရေးပါတီ ၄၀ တို့သည် နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် ( ၅ / ၂၀၂၃ ) ဖြင့် ယင်းပါတီများကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများကို ဖျက်သိမ်းပြီးဖြစ်သည်။

နိုင်ငံရေးပါတီတစ်ရပ် တည်ထောင်လိုသူများနှင့် မှတ်ပုံတင်လိုသူများသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့ရှိ ဘုန်းတော်ကြီးကျောင်းအား KNDF/ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် သံဃာတော် သုံးပါးအပါအဝင် အပြစ်မဲ့ ဒေသခံပြည်သူ ၁၇ ဦး ထိခိုက်သေဆုံးခဲ့မှု"** ခေါင်းစဉ်ဖြင့်၂၉-၃-၂၀၂၃ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"KKO(ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက မြဝတီကုန်သွယ်ရေးရုန်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် အပြစ်မဲ့ပြည်သူ တစ်ဦးသေဆုံးမှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့ရှိ ယာယီခိုလှုံရာစခန်းများတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသော အိမ်ထောင်စုဝင်များ ၎င်းတို့၏ မူလနေရပ်ဒေသများသို့ ပြန်လည်နေထိုင်

**နေပြည်တော် မတ် ၂၈**

ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့ရှိ ယာယီခိုလှုံရာစခန်းများဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စခန်း၊ ပုံကျစခန်း၊ စည်ပင်စခန်း၊ မြို့ပိုင်ကုန်းစခန်းများနှင့် ဆွေမျိုးများ၏ နေအိမ်များတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင် ၃၆၃ စုမှ မိသားစုဝင် လူဦးရေ ၁၅၀၄ ဦးတို့သည် ယနေ့တွင် ၎င်းတို့၏ သဘောဆန္ဒအရ မူလနေရပ်ဒေသများဖြစ်သော ပလက်ဝမြို့နယ်အတွင်း ကျေးရွာများသို့ ပြန်လည်နေထိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်တို့မှ ၎င်းတို့၏ မူလနေရပ်ဒေသများသို့ ပြန်လည်နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၎င်းတို့၏ အိမ်သုံးပစ္စည်းများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာဝန်ထမ်းများက မော်တော်ယာဉ်များ၊ စက်လှေများပေါ်သို့ ကူညီသယ်ယူပို့ဆောင်ပေးခဲ့ကြသည်။

ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့ရှိ ယာယီခိုလှုံရာစခန်းများတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ဒေသခံအိမ်ထောင်စုဝင်များအားလုံးသည် ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်နေထိုင်ကြပြီးဖြစ်သဖြင့် အဆိုပါယာယီခိုလှုံရာစခန်းများကို ပိတ်သိမ်းပြီးဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့ရှိ ယာယီခိုလှုံရာစခန်းများတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသော အိမ်ထောင်စုဝင်များ ၎င်းတို့၏ မူလနေရပ်ဒေသများသို့ ပြန်လည်နေထိုင်ရန် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်း များက ကူညီပို့ဆောင်ပေးစဉ်။

☆ ကျောဖုံးမှအဆက်

ဦးလှမောင်ရွှေ၊ ဗိုလ်မှူးကြီးဝဏ္ဏအောင်နှင့် အထောက်အကူပြုအဖွဲ့ဝင် ဗိုလ်မှူးကြီးအောင်ကျော်ထွန်း၊ NCA-S-EAO အလွတ်သဘောဆွေးနွေးညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင်စဝ်စိုင်းငင်း(RCSS)၊ ဒုတိယအဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် စောမြရာဇာလင်း (ALP)နှင့် နိုင်အောင်မငေး (NMSP)၊ အဖွဲ့ဝင်များဖြစ်ကြသည့် စောကျော်သန်းဋ္ဌေး (DKBA)၊ စောကျော်ညွန့် (KNU/KNLA-PC)၊ ကျာဖူး (LDU)၊ ခွန်မင်းသိန်း (PNLO)နှင့် အထောက်အကူပြု ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးမှု အခင်းအကျင်း တစ်ရပ်ပေါ်ပေါက်ရေးကိစ္စ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အဆင့်ဆင့်ဆိုင်ရာ ကိစ္စနှင့် ဖက်ဒရယ်အခြေခံမူများကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဆွေးနွေးပွဲပထမနေ့ကို ရပ်နားခဲ့သည်။ ဆွေးနွေးပွဲဒုတိယနေ့ကို မတ် ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မတ် ၂၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

**နေပြည်တော် မတ် ၂၈**

မတ် ၂၇ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၈၇၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၀၇၆ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၅၀၀ ဦး |

# ရွှေဘိုမြို့ရှိ အဝေးပြေးကားကွင်းအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိ

**နေပြည်တော် မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၆)ရပ်ကွက်ရှိ ကားကြီးကွင်းအနီး၌ ယနေ့နံနက် ၉ နာရီခွဲခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ် မိုင်းတစ်လုံးပေါက်ကွဲခဲ့ကြောင်း သိရှိရသည်။

အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရ လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုကြောင့် ကားကြီးကွင်းအနီးလမ်းမပေါ်တွင် လှုပ်ရှားသွားလာလျက်ရှိသည့် အပြစ်မဲ့ပြည်သူအမျိုးသားတစ်ဦးသေဆုံးခဲ့ပြီး အသက် လေးနှစ်အရွယ်နှင့် အသက် ၁၁ နှစ်အရွယ် ကလေးငယ် နှစ်ဦး အပါအဝင် အမျိုးသား ၁၀ ဦး၊ အမျိုးသမီးရှစ်ဦး စုစုပေါင်း ၁၈ ဦး မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါမိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ရွှေဘိုမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိသည်။

ထိုသို့ဆေးကုသပေးနေမှုများကို ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် မိုင်းထောင်ဖောက်ခွဲခဲ့သူများကို အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။




ရွှေဘိုမြို့ အမှတ်(၆)ရပ်ကွက် ကားကြီးကွင်းအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့သဖြင့် သေဆုံးသူနှင့်ထိခိုက်ဒဏ်ရာရရှိသူများ၏ မှတ်တမ်းဓာတ်ပုံ။




ရတနာပုံစာအုပ်စင်တွင် မန္တလေးမြို့၌ အသစ်ထွက်ရှိသော စာအုပ်များကို စာပေချစ်သူများ သိရှိနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။

# လူငယ်များနှင့် မေးကြဖြေကြ ဓမ္မဝိနယ ဒုတိယတွဲ ပုံနှိပ်ထုတ်ဝေ




ပဥ္စင်္ဂစာအုပ်တိုက်က ထုတ်ဝေသော အရှင်အဘယာလင်္ကာရ (မဟာဝိဟာရဝါသီ) ရေးသားပြုစုသော လူငယ်များနှင့် မေးကြဖြေကြ ဓမ္မဝိနယ ဒုတိယတွဲစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်ပါ ဓမ္မဝိနယဖော်ထုတ်ကြမှ ကောက်နုတ်ဖော်ပြရလျှင် လောကမှာ အချို့အရာတွေက ဖွင့်ထုတ်ဖော်ပြလို့မကောင်းတာတွေရှိတယ်။ အချို့အရာတွေကတော့ ဖွင့်ထုတ်ဖော်ပြလေလေ ကောင်းလေလေပဲ။ မြတ်ဗုဒ္ဓက ပဋိစ္ဆန္နသုတ်မှာ ဟောပြထားတယ်။ (၁)အမျိုးသမီး၊ (၂)ဗေဒင်မန္တာန်၊ (၃)မိစ္ဆာအယူ ဒီသုံးမျိုးက ဖွင့်ထုတ်ပြရင် နာမည်ပျက်ဖို့ပဲရှိတယ်။ ဒါကြောင့် ဖုံးကွယ်ထားသင့်တဲ့အရာတွေ။


(၁)လ၊ (၂)နေ၊ (၃)ဘုရားရှင်ရဲ့ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတရားတို့ကတော့ ဖော်ထုတ်လေလေ ဝင်းတက်လေလေပဲ။ ဖုံးကွယ်ထားရမဲ့ အရာတွေမဟုတ်။ စာ- ၄၄ မှ

ယခုစာအုပ်ပါ ယနေ့လူငယ်များ၏ မေးခွန်းများမှာ သိလိုစိတ်၊ စူးစမ်းလိုစိတ်များကို အခြေခံထားပြီး ပြန်လည်ဖြေကြားသော ရဟန်းတော်၏အဖြေမှာ ကျေနပ်ဖွယ်၊ ကြည်ညိုနှစ်သက်ဖွယ်တို့ ပါဝင်သည်မှာ တန်ဖိုးတစ်ရပ်ပင်ဖြစ်သည်။

ယခုစာအုပ်တစ်နေရာတွင် ဤသို့တွေ့ရသည်။ **မေး။ မြတ်စွာဘုရားက မြန်မာပြည်ကို ရောက်ဖူးပါသလား။ အရှင်ဘုရား။ ဘယ်နေရာကို ကြွဖူးပါသလဲဘုရား။ ဖြေ။** စာပေထဲမှာ လက်ရှိသင်္ဂါယနာတင်ထားတဲ့ ပိဋကတ်သုံးပုံထဲမှာတော့ မပါဘူးပေါ့နော်။ မြန်မာ ရာဇဝင်မှာတော့ ရောက်တာပေါ့။ ဒီလိုပဲပြောရမှာပေါ့။ ပိဋကတ်ထဲမှာတော့မပါဘူး။ ဦးဇင်းပြောနိုင်တာတစ်ခုရှိတာတော့ ဘယ်နေရာ၊ ဘယ်ဒေသရယ်လို့ မဟုတ်ပါဘူး။ ကျွတ်သင့်ကျွတ်ထိုက်တဲ့ သတ္တဝါရှိရင် ဘုရားရောက်အောင် သွားပါတယ်။ စာ-၄၅ မှ

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# အင်ဒါဆင်ဒဏ္ဍာရီများ ထုတ်ဝေဖြန့်ချိ




စိတ်ကူးချိုချိုစာပေက ဒုတိယအကြိမ်ထုတ်ဝေသော မြသန်းတင့် မြန်မာပြန်သည့် အင်ဒါဆင်ဒဏ္ဍာရီများစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်မူရင်းမှာ Hans Christian Andersen's ၏ FAIRY TALES ဖြစ်သည်။


ယခုစာအုပ်ပါ စာရေးသူ၏ အမှာစာမှ ကောက်နုတ်ဖော်ပြရလျှင် နေ့တွင် အီစွတ်ဒဏ္ဍာရီများ၊ ဂရင်း၏ဒဏ္ဍာရီများ၊ အင်ဒါဆင်၏ဒဏ္ဍာရီများ၊ တစ်ထောင့်တစ်ညဒဏ္ဍာရီများမှ ထုတ်နုတ်ထားသော မြန်မာဖတ်စာများကို သင်အံ၍ ညလသာသာ လသာဆောင်တွင် မီခင်၊ ဖခင်၏ လက်မောင်းကို ခေါင်းအုံးအိပ်ရင်း ရွှေယုန်နဲ့ ရွှေကျားဒဏ္ဍာရီ၊ ဘာလီနှင့် သုကြိုတ်ပုံပြင်၊ မယ်ထွေးကို ငန်းတော်မြွေမင်းသား ကောက်သည့် ဒဏ္ဍာရီပုံပြင်တို့ဖြင့် ကြီးပြင်းခဲ့ရသည်။ ထို့ကြောင့် ကျွန်တော်တို့ခေတ်သည် "လူပြည်တစ်နေ့၊ နတ်ပြည်တစ်ည"ကျက်စားရသော ခေတ်ဖြစ်သည်။

ယခုစာအုပ်တွင် အဘိုးအိုလင်မယား၊ အပ်ကလေး၊ ရွှေအဖားအော်သံ၊ ဝက်ထိန်းနှင့်မင်းသမီး၊ သံဖြူစစ်သားကလေး၊ မလက်ငယ်၊ ဖားပြုပ်ကလေးနှင်းဆီချုံနှင့်ပက်ကျိ၊ ကြေးစည်သံ၊ အမေတစ်ဦး၏ပုံပြင်၊ စသည်ဖြင့် စာစု ၁၇ ပုဒ်ပါဝင်သည်။

ယခုစာအုပ်ပါ သံဖြူစစ်သားကလေးမှ ကောက်နုတ်ဖော်ပြရလျှင် သံဖြူစစ်သားကလေးသည် ကချေသည်ရုပ်ကိုကြည့်ရင်း ငါ၏ဇနီးဖြစ်မှု ကောင်းစွာဟု တွေးနေမိလေ၏။ သို့ရာတွင် ကချေသည်ကား နန်းတော်တွင်းတွင်နေရမှု၍ ငါကား ကျဉ်းမြောင်းကျပ်တည်းလှသော သေတ္တာငယ်ထဲတွင် ဆင်းရဲစွာ နေထိုင်ရဘိ၏။ ငါ၏နေထိုင်ရာ သေတ္တာငယ်သည် ကချေသည်မ၏ နေရာမဟုတ်၊ မည်သို့ပင်ဖြစ်စေ ကချေသည်နှင့် အသိအကျွမ်းဖြစ်ရလျှင် တော်ပေပြီဟု အောက်မေ့မိလေ၏။ စာ-၅၃ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# တီရှပ်မြစ် ထွက်ရှိလာ




အိပ်မက်အသစ်စာပေက ထုတ်ဝေသော လင်းခါး၏ တီရှပ်မြစ် စာအုပ် ထွက်ရှိလာသည်။


ယခုစာအုပ်တွင် ရေဒီယိုထဲက ခေတ်ကြီးမှ တီရှပ်မြစ်ကြီးထိ စာစု ၂၆ ပုဒ်ပါဝင်ကြောင်း တွေ့ရသည်။ အက်ဆေးရေးဟန်ဖြင့် ထွက်ရှိလာသော စာအုပ်များကို အတွေ့ရများလာချိန်တွင် ယခုစာအုပ်မှာလည်း လင်းခါး၏စိတ်ဝင်စားဖွယ် အရေးအသားများဖြင့် ခြယ်မှုန်းထားသည့် စာအုပ်တစ်အုပ်ဖြစ်သည်။

ယခုစာအုပ်ပါ ကဗျာသမား၊ စာသမား၊ အနုပညာသမားတွေမှ ကောက်နုတ်ဖော်ပြရလျှင် စာရေးဆရာမကြီးလူထုဒေါ်အမာရဲ့အငြိမ့်ပြည်သူချစ်သော အနုပညာသည်များ စတဲ့စာအုပ်တွေဖတ်ထားဖူးတာကလွဲရင် ကျွန်တော်က ဇာတ်တို့၊ အငြိမ့်တို့ သဘင်လောကတွေ အကြောင်းမသိပါဘူး။ ဒါပေမဲ့ ကျွန်တော့်အဖေက ဇာတ်သမားပါ။ ဇာတ်ထဲက လူရွှင်တော်ပေါ့။ တစ်ခါတလေ ဘယ်တော့မှ မအောင်မြင်၊ မကျော်ကြားတဲ့သီချင်းလေး ဘာလေးလည်း ရေးတယ်ပေါ့။ ဟိုအရင်ကတည်းက ဦးဌေးကြည်များ ကျွန်တော့်ဆီလာခဲ့ရင် အဖေနဲ့တော့ ဆုံပေးဦးမယ်လို့ စိတ်ကူးရှိထားလို့ ဦးဌေးကြည်ကို အဖေနဲ့ အမေ့အိမ် ခေါ်သွားမိတ်ဆက်ပေးတယ်။ အဖေက အလွန်ဝမ်းသာ၊ တွံတေးသိန်းတန်ဆိုဖူးတဲ့ သီချင်းကို ရေးသူနဲ့တွေ့ရတော့ သူအလွန်ကျေနပ်တာပေါ့။ သူက တွံတေးသိန်းတန် ခရေဇီကိုး။ သူတို့ဇာတ်ထဲကစကားတွေ၊ ပြဇာတ်အကြောင်းတွေ၊ သီချင်းအကြောင်းတွေ ပြောကြ။ နောက်ပြီး အဖေက မေးလို့ ဦးဌေးကြည်က သူနဲ့သူ့ဆရာ တွံတွေးသိန်းတန်အကြောင်းလေး ပြောပြ စသဖြင့်ပေါ့ဗျာ . . .။ စာ-၆၉၊ ၇၀ မှ

ယခုစာအုပ်တွင် စာရေးသူတစ်ယောက်၏ဘဝ ရှေးဦးအားထုတ်မှုများ၊ ကလောင်သစ်ဘဝရှင်သန်ရုန်းကန်ရမှုများ၊ လူမှုဘဝလိမ်းကျံကပ်ငြိပုံများနှင့် အဲဒီခေတ်ကြီးပြီး သလိုလိုရှိပြီးတဲ့နောက် ဖြတ်သွားတဲ့ ကြယ်တံခွန်နောက်မြီးကို မြင်ရသလို နှစ်များ စသည်ဖြင့် ကဗျာဆန်ဆန်ကွန့်မြူးပုံများကိုလည်း တွေ့ရသည်။

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၅၀၀ ဖြင့်ဖြန့်ချိကြောင်း သိရသည်။

# မေတ္တာချိုချို ဘဝခက်ခက် ထုတ်ဝေဖြန့်ချိ




အိပ်မက်အသစ်စာပေက ထုတ်ဝေသော စုမြတ်ချစ်(မြန်မာပြန်)၏ မေတ္တာချိုချို ဘဝခက်ခက်စာအုပ် ထွက်ရှိလာသည်။


ဘာသာပြန်သူက အမှာစာရေးသားခဲ့ရာတွင် ဒီစာအုပ်ရဲ့မူရင်း ကိုရီးယားဝတ္ထုဟာ ၂၀၁၁ တုန်းက ထွက်ခဲ့တယ်။ ၂၀၁၄ မှာတော့ Song Hye Kyo (အွန်စော)က Areum ရဲ့အမေနေရာမှာ သရုပ်ဆောင်ထားပြီး ရုပ်ရှင်ထွက်ခဲ့တဲ့ English လို ဘာသာပြန်စာအုပ်ကတော့ 2021 Jan လောက်ကမှ ထွက်ထားတာပါ စသည်ဖြင့် ဖော်ပြထားသည်။

ယခုစာအုပ်၌ အဆိုးဝါးဆုံး အခြေအနေမှာတောင် မိသားစုဝင်တွေရဲ့ တစ်ယောက်အပေါ်တစ်ယောက် နားလည်ပေးဆပ်တာတွေ၊ လောကဓံကိုမမှုဘဲ နောက်ဆုံးအချိန်ထိ ကြံ့ကြံ့ခံတာတွေတွေ့ရမဲ့ ရင်ထဲနွေးစေမဲ့ ဝတ္ထုတစ်ပုဒ်ပါဟုလည်း ဘာသာပြန်သူက ဆိုထားသည်။

ယခုစာအုပ်တစ်နေရာတွင် ဤသို့တွေ့ရသည်။ မေမေက တစ်ခါတလေ မေးတယ်။ "အာရင်းမ်. . . ဘာတွေဖတ်နေတာလဲ" "အက်ဆေးတွေပါ မေမေ၊ ဒီစာရေးဆရာက သူ့အမေသေသွားတဲ့အချိန် သူ့အသက်ခုနစ်အရွယ်မှာ ရုတ်တရက် မျက်လုံးကွယ်သွားတာ၊ ဒါပေမဲ့ ရှစ်နှစ်အကြာမှာ မျက်လုံးပြန်မြင်ရတယ်။ အံ့သြစရာပဲ" "ဝတ္ထုလား" "မဟုတ်ဘူး၊ ကိုယ်တွေ့မှတ်တမ်းပါ၊ နားထောင်ကြည့်နော်၊ သူ မျက်လုံးပြန်မြင်ရတာနဲ့ ပထမဆုံးလုပ်တာက စာအုပ်ဆိုင်ကို အပြေးအလွှားသွားတာပဲ။ ဘာကြောင့်လဲဆိုတော့ သူမျက်လုံးပြန်ကွယ်သွားလောက်မှာကိုကြောက်လို့၊ ပထမဆုံး ကောက်ကိုင်တဲ့စာအုပ်က 'အရှူး'ဆိုတဲ့စာအုပ်ပဲ" "ဘာလို့များလဲ၊ နာမည်ကြီးစာအုပ်လား" "သူ့အတွက်တော့ ဟုတ်တာပေါ့မေမေရဲ့၊ သူငယ်ငယ်ကတည်းက သူ့အဖေက သူ့ကို အရူးလို့ခေါ်တယ်။ ရယ်စရာမကောင်းဘူးလားမေမေ" စာ-၄၁ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၇၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ဝင်းဦးကွယ်လွန်ခြင်း ၃၅ နှစ်ပြည့်အကြိုအမှတ်တရစာများ ပုံနှိပ်ထုတ်ဝေ



စိတ်ကူးချိုချိုစာပေက ထုတ်ဝေသော ဝင်းဦးကွယ်လွန်ခြင်း ၃၅ နှစ်ပြည့် အကြိုအမှတ်တရစာများစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်သည် စန္ဒာမဂ္ဂဇင်း နှစ် ၂၀ ပြည့်(အမှတ်-၂၃၄) ဝင်းဦးအမှတ်တရစာစောင်ကို အခြေပြုပြည့်စွက်လျက် ကွယ်လွန်ခြင်း ၃၅ နှစ်ပြည့် အကြို အဖြစ် သက် ၈၈ နှစ်ပြည့်မွေးနေ့ကာလတွင် စီစဉ်ထုတ်ဝေထားခြင်းဖြစ်သည်။

ယခုစာအုပ်တွင် တစ်ချိန်က နိုင်ငံကျော် ရုပ်ရှင်မင်းသား၊ အဆိုတော်၊ စာရေးဆရာဝင်းဦး၏ ဆေးရောင်စုံဖြူမည်းရုပ်ပုံဓာတ်ပုံများကို ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားသည်။ ဇနီးမော်ညိုနွဲ့၏ တစ်ခေတ်တစ်ယောက်၊ နုယဉ်၏ ပြည်သူချစ်သောအနုပညာရှင် ကိုဝင်းဦးသို့၊ ညွန့်ဝေ(ကသာ)၏ ကြယ်ပွင့်ကို နှုတ်ဆက်ခြင်း၊ မြသဲဖြူ၏ လွမ်းဖွယ့်ပန်း၊ ဒေါ်အိုင်ရင်းတင်လှ၏ ၂ နှစ် ပြည့်အလွမ်းဟုသည့် ကဗျာများပါဝင်ပြီး မင်းကျော်၊ ခင်မောင်အေး(မန္တလေး)၊ နတ်နွယ်၊ မလေးလုံ၊ ကျော်အောင်၊ ရွှေကူမေနှင်း၊ မြတ်ခိုင်၊ မောင်ဆွေတင့်၊ ကျော်ညွန့်မိုး၊ မောင်နေဝင်း၊ တေးသံရှင်မောင်မောင်ကြီး၊ ကျောက်ဘီလူးတင်မောင်ဆွေ၊ မမြင့်မွန်(ရှုပ) စသည့်စာရေးဆရာ အနုပညာရှင်များက အမှတ်တရစာများ ရေးသားပေးထားကြသည်ကို တွေ့ရသည်။

ယခုစာအုပ်မှာ အနုသုခုမပညာရပ်ဖြင့် ဘဝကိုရပ်တည်ရှင်သန်ခဲ့သူတစ်ဦးအပေါ် ကျန်ရစ်သူများ၏ အောက်မေ့တသချက်များဟုလည်း ဆိုနိုင်သည်။ ကိုဦးဟူသောအမည်ဖြင့် ၁၉၈၅ မတ် ၁၃ ရက်နေ့စွဲဖြင့် ကျော့ဖုံး၌ ရေးသားဖော်ပြသည် ကဗျာမှ ကောက်နုတ်ဖော်ပြရလျှင်-

နှစ်တွေပြောင်းပြောင်း လာပါ
ရက်ကနဲ့ အသစ်တွေ ဆောင်း
ဆောင်းပြီးတော့ အချစ်လှေ
လောင်းနဲ့ ခေတ်ရေကြောင်း
ဆန်တက်မယ်

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

နေမျိုး
စုစည်းသည်
ထွန်းဦးစာပေက
ပံ့ပိုးသည်

# အီတလီနိုင်ငံ ပိုမြစ်ဝှမ်းတွင် မိုးခေါင်မှုကြောင့် မြစ်ရေခန်းခြောက်မှုဖြစ်ပွား



**ရောမ မတ် ၂၈**

အီတလီနိုင်ငံ တူစကန်နီနယ်မြေ ဗာလင်ဇာနယ်ဒေသအတွင်းရှိ ပိုမြစ်ဝှမ်းတွင် ရာသီဥတုပူပြင်းခြောက်သွေ့ကာ မိုးခေါင်သည့်ပြဿနာကြောင့် မြစ်ရေခန်းခြောက်မှုဖြစ်ပွားနေကြောင်း အီတလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု NIE သတင်းဌာနက မတ် ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပိုမြစ်ဝှမ်းသည် အီတလီနိုင်ငံရှိ မြစ်များအနက် အရှည်လျားဆုံးမြစ်ပြီး ရေလှောင်တမံများ အများဆုံးတည်ဆောက်ထားသည့် မြစ်ဝှမ်းဖြစ်ကြောင်း၊ အီတလီနိုင်ငံအတွက် သောက်သုံးရေသာမက စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကကျသည့်မြစ်ဝှမ်းလည်းဖြစ်ကြောင်း၊ ပိုမြစ်ဝှမ်းတွင် ယခုနှစ်အတွင်း ရာသီဥတုဖောက်ပြန်မှုကြောင့် နှစ်ပေါင်း ၇၀ အတွင်း အဆိုးရွားဆုံး မြစ်ရေခန်းခြောက်မှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး ဗာလင်ဇာဒေသအတွင်း မြစ်ရေခန်းခြောက်သွားသည်ထိ အခြေအနေ ဆိုးရွားခဲ့ကြောင်း သိရသည်။

"ဗာလင်ဇာဒေသကို ဖြတ်သန်းနေတဲ့ ပိုမြစ်ကြောင်းတစ်လျှောက် မြစ်ရေခန်းခြောက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ၂၀၂၂ ခုနှစ်တုန်းက ရင်ဆိုင်ခဲ့ရတဲ့ပြဿနာတွေ ထပ်မံရင်ဆိုင်နေရတယ်။ မြစ်ရေခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးတဲ့ပြဿနာတွေနဲ့ ရင်ဆိုင်နေရသလို ဟိုတယ်နဲ့ခရီးသွားလာရေးလုပ်ငန်းတွေလဲ အခက်အခဲတွေ့နေပါတယ်"ဟု တူစကန်နီနယ်မြေ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ရော်ဘတ်တိုရီနိုင်က ပြောကြားသည်။

ကမ္ဘာလှည့်ခရီးသည်များသည် ဗာလင်ဇာဒေသတွင် လာရောက်အပန်းဖြေကြပြီး ပိုမြစ်ကြောင်းရှိ ကမ်းခြေများတွင် အနားယူကြကြောင်း၊ သို့သော် ပိုမြစ်ဝှမ်းရေခန်းခြောက်မှုကြောင့် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှု ကျဆင်းနေပြီး ဗာလင်ဇာဒေသမှ ဟိုတယ်များတွင်ရှိသော ရေကူးကန်များရေသွင်းခြင်းကို အာဏာပိုင်အဖွဲ့အစည်းက တားမြစ်ထားကြောင်း၊ ရေကူးကန်များတွင် ရေသွင်းခြင်းကို လာမည့် ဇွန်လမှ စက်တင်ဘာလကြား ပြန်လည်ခွင့်ပြုသွားမည်ဟု တူစကန်နီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**

# အီကွေဒေါနိုင်ငံတွင် မြေပြိုကျမှုကြောင့် လူ ၁၆ ဦးသေဆုံးပြီး ဦးရေ ၅၀ ကျော်ပျောက်ဆုံး

**ကွီတို မတ် ၂၈**

အီကွေဒေါနိုင်ငံအလယ်ပိုင်း Andean တောင်တန်းဒေသတွင် မတ် ၂၆ ရက် ညက မြေပြိုကျမှုကြောင့် လူ ၁၆ ဦး သေဆုံးပြီး ဦးရေ ၅၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်း အာဏာပိုင်များ၏ မတ် ၂၇ ရက်တွင် သတင်းထုတ်ပြန်ချက်ကို ကိုးကား၍ NPR သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အီကွေဒေါနိုင်ငံ အလယ်ပိုင်း Andean တောင်တန်းဒေသတွင် မတ် ၂၆ ရက်ညက မြေပြိုမှုကြောင့် နေအိမ် ၁၂ လုံး မြေကြီးအောက်သို့ရောက်ရှိခဲ့ပြီး လူ ၁၆ ဦးသေဆုံးကာ ဦးရေ ၅၀ ကျော် ပျောက်ဆုံးလျက်ရှိသဖြင့် အသက်ရှင်ကျန်ရစ်သူများကို မီးသတ်တပ်ဖွဲ့ဝင်များက အပူတပြင်းရှာဖွေကယ်ဆယ်လျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

အီကွေဒေါနိုင်ငံ ကွီတိုမြို့၏ တောင်ဘက် ၁၃၇ မိုင်ခန့်အကွာ Alausi မြို့တွင် မတ် ၂၆ ရက်ညက မြေပြိုမှုဖြစ်ပွားခဲ့ရာ နေအိမ် ၁၆၃ လုံး ထိခိုက်ပျက်စီးခဲ့ပြီး လူဦးရေ ၅၀၀ ကျော် ဘေးအန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရကာ Pan-America အဝေးပြေးလမ်းမကြီး တစ်စိတ်တစ်ပိုင်းလည်း ပျက်စီးခဲ့ကြောင်း အီကွေဒေါနိုင်ငံ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွင်းရေးမှူးရုံးမှ သိရသည်။

အရှည် တစ်ကီလိုမီတာခန့်ရှိ မြေပြိုမှုမဖြစ်ပွားမီ တောင်ပေါ်တွင် လှုပ်ခတ်သံများကြားခဲ့ရပြီး သစ်ပင်များ၊ နေအိမ်များနှင့် အခြားအဆောက်အအုံများ တောင်အောက်သို့ပြိုကျခဲ့ကြောင်း ဒေသခံများက ပြောကြားခဲ့သည်။

မြေပြိုမှုဖြစ်ပွားရာနေရာသို့ အခြားမြို့များမှ မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးရောက်ရှိလာပြီး ဒဏ်ရာရရှိသူများကို ဒေသတွင်းရှိ ဆေးရုံများသို့ ပို့ဆောင်ခဲ့ကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း အရေးပေါ်တုံ့ပြန်ရေးအေဂျင်စီမှ သိရသည်။

**AZH**



# တူရကီနိုင်ငံ ငလျင်ဒဏ်ပြန်လည်ထူထောင်ရန် UNDP က ကန်ဒေါ်လာသန်း ၅၅၀ တောင်းခံ

**အင်ကာရာ မတ် ၂၈**

တူရကီနိုင်ငံတွင် ဖေဖော်ဝါရီ ၆ ရက်က လှုပ်ခတ်ခဲ့သောငလျင်ကြောင့် ထိခိုက်ခဲ့ရသည့်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှု၊ ပြည်သူ့ဝန်ဆောင်မှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ထူထောင်ရန်ရည်ရွယ်သည့် စီမံကိန်း ၃၀ ခုအတွက် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(UNDP)က အမေရိကန်ဒေါ်လာသန်း ၅၅၀ ကို အလှူရှင်နိုင်ငံများထံ တောင်းခံထားကြောင်း မတ် ၂၇ တွင် ထုတ်ပြန်ခဲ့သည်ဟု SCF သတင်းဌာနက မတ် ၂၇ ရက်တွင် ရေးသားဖော်ပြထားသည်။

တူရကီနှင့် ဆီးရီးယားနှစ်နိုင်ငံလုံးရှိ ကယ်ဆယ်ရေးစခန်းများအတွက် ရန်ပုံငွေကောက်ခံရန်နှင့် ကယ်ဆယ်ရေးဆိုင်ရာတုံ့ပြန်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ရန် မတ် ၂၀ ရက်က ဘရပ်ဆဲလ်မြို့၌ ကျင်းပခဲ့သည့် နိုင်ငံတကာအလှူရှင်များညီလာခံအပြီးတွင် UNDP ၏ ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အလှူရှင်များ ညီလာခံကို ဥရောပကော်မရှင်ဥက္ကဋ္ဌ Ursula Von Der Leyen နှင့် ဆွီဒင်ဝန်ကြီးချုပ် Kristersson တို့က ပူးတွဲကျင်းပခြင်းဖြစ်ပြီး ညီလာခံတွင် အလှူရှင်နိုင်ငံများက နှစ်နိုင်ငံလုံးအတွက် ယူရို ခုနစ်ဘီလီယံပံ့ပိုးရန် ကတိပြုခဲ့ကြောင်း သိရသည်။

တူရကီ ငလျင်လှုပ်ခတ်မှုကြောင့် တူရကီတစ်နိုင်ငံတည်းတွင် ပျက်စီးဆုံးရှုံးမှုပမာဏ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော်ရှိနိုင်ပြီး ဆီးရီးယားတွင် ဒေါ်လာ ၁၄ ဒသမ ၈ ဘီလီယံထိ ရှိနိုင်ကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားရာ ဥရောပသမဂ္ဂ(EU)ကလည်း ယူရို တစ်ဘီလီယံပံ့ပိုးရန် ကတိပြုထားကြောင်း သိရသည်။

တူရကီနိုင်ငံအတွင်း အကောင်အထည်ဖော်ရန် အဆိုပြုထားသည့် စီမံကိန်း၃၀ ခုတွင် နေအိမ်များ၊ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းနှင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ထူထောင်ရန် အဆိုပါအလှူငွေကို တောင်းခံထားခြင်းဖြစ်ကြောင်း တူရကီနိုင်ငံဆိုင်ရာ UNDP ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**AZH**

# အစ္စရေးနိုင်ငံတွင် ယခုနှစ်နွေကာလအတွင်း အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်ရဖွယ်ရှိ

**ဂျေရုဆလင် မတ် ၂၈**

အစ္စရေးနိုင်ငံတွင် ယခုနှစ်နွေကာလအတွင်း အပူလှိုင်းနှစ်ကြိမ်တိုင်တိုင် ဖြတ်သန်းဖွယ်ရှိနေသည့်အတွက် အပူချိန်မြင့်တက်မှုပြဿနာဖြင့် ရင်ဆိုင်လာရဖွယ်ရှိနေကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့အစည်း (NEMA) က သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု AA သတင်းဌာနက မတ် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့အစည်း (NEMA) မှ သုတေသီများ၏ သုတေသန ရလဒ်များအရ လာမည့်ဇွန်လမှ စက်တင်ဘာလအတွင်း အပူလှိုင်းဖြတ်သန်းမည်ဖြစ်ပြီး အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်ပမာဏ ၄၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ကြောင်း၊ အစ္စရေး မိုးလေဝသဦးစီးဌာနကလည်း စံချိန်တင်အပူချိန်မြင့်တက်မှု ဖြစ်ပေါ်လာနိုင်သည့်အတွက် အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် ပြည်သူလူထုအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လိုအပ်ကြောင်း တိုက်တွန်းခဲ့သည်။

"ဒီနှစ် နွေကာလမှာ အပူလှိုင်းဖြတ်သန်းမှု နှစ်ကြိမ်လောက်ထိ ဖြစ်ပေါ်လာနိုင်တယ်။ အပူလှိုင်းကြောင့် အပူချိန်စံချိန်တင်မြင့်တက်ပြီးတော့ ပြည်သူတွေရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်လာနိုင်ပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်ပြီး ဖြစ်ပေါ်လာနိုင်တဲ့ ဘေးထွက်ဆိုးကျိုးတွေကို တုံ့ပြန်ဖို့အတွက် ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်ပါတယ်"ဟု အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့အစည်း (NEMA)က ထုတ်ပြန်ခဲ့သည်။

အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့အစည်း (NEMA) က အပူလှိုင်းဖြတ်သန်းမှုကြောင့် နွေကာလတွင် ဖြစ်ပေါ်လာနိုင်သည့် အပူချိန်ပမာဏမှာ ပုံမှန်ပမာဏထက် ၈ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်ပြီး အပူချိန်မြင့်တက်မှု၏နောက်ဆက်တွဲဆိုးကျိုးကြောင့် ဆေးရုံတွင် ဆေးကုသမှုခံယူရနိုင်သည့် ရောဂါဝေဒနာရှင် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း ထုတ်ပြန်ခဲ့သည်။

အပူချိန်မြင့်တက်မှုကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုမှာလည်း ပုံမှန်ထက် ၁၀ ရာခိုင်နှုန်းထိ လျော့ကျလာဖွယ်ရှိနေပြီး အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး တောမီးလောင်ကျွမ်းမှုနှုန်းမှာလည်း မြင့်တက်လာဖွယ်ရှိနေကြောင်း သိရသည်။

**နိုင်းဆက်**

# ဆီးရီးယားမြေငလျင်ကြောင့် ရွှေ့ပြောင်းခဲ့ရသူ ၆၀၀၀၀ ကျော် နေရပ်သို့ပြန်လည်ရောက်ရှိ

**ဒမတ်စကတ် မတ် ၂၈**

ဆီးရီးယားနိုင်ငံတွင် ဖေဖော်ဝါရီ ၆ ရက်က လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် နေအိမ်များ ပျက်စီးကာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသဖြင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ၆၀၀၀၀ ကျော် မတ် ၂၇ ရက်မှစ၍ နေရပ်သို့ပြန်လည်ရောက်ရှိလာကြောင်း ဆီးရီးယားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ABC News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်ဒဏ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ပြည်သူများအနက် နေရပ်သို့ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ ၆၀၀၀၀ ကျော်ရှိနေပြီး ဆီးရီးယားအာဏာပိုင်အဖွဲ့အစည်းက ပြန်လည်နေရာချထားပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် ဆီးရီးယားပြည်သူများသည် မြေငလျင်ဒဏ်ဖြင့် အဓိကရင်ဆိုင်ခဲ့ရသော တူရကီနိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြခြင်းဖြစ်ပြီး တူရကီအာဏာပိုင်အဖွဲ့အစည်းကလည်း ဆီးရီးယားပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးခဲ့ကြောင်း သိရသည်။

"မြေငလျင်ဒဏ်ကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းလာခဲ့ကြတဲ့ ဆီးရီးယားပြည်သူတွေ နေရပ်ကို ပြန်ခွင့်ရသွားပါပြီ။ နေရပ်ကိုပြန်သွားတဲ့ပြည်သူ ၆၀၀၀၀ ကျော်ထိ ရှိနေပါတယ်။ ဒီပြည်သူတွေဟာ မြေငလျင်ဒဏ်ကြောင့် အိုးအိမ်တွေ ပျက်စီးဆုံးရှုံးခဲ့ရသလို မိသားစုဝင်တွေကိုလဲ ဆုံးရှုံးခဲ့ကြရတယ်။ ဆီးရီးယားနိုင်ငံမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ အတိုင်းအတာတစ်ခုထိ ပြီးမြောက်သွားပြီဖြစ်လို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ပြည်သူတွေ နေရပ်ကိုပြန်လာနိုင်ပြီလို့ အသိပေးလာတဲ့အတွက် တူရကီရောက်နေတဲ့ ဆီးရီးယားပြည်သူတွေ နေရပ်ကိုပြန်ခွင့်ပြုခဲ့တာပါ။ တူရကီနိုင်ငံအနေနဲ့ ဆီးရီးယားပြည်သူတွေ နေရပ်ကိုပြန်ဖို့အတွက် လိုအပ်တာတွေ စီစဉ်ပေးခဲ့ပါတယ်"ဟု တူရကီကာကွယ်ရေးဝန်ကြီး ဟူလူစီက ပြောကြားသည်။

**နိုင်းဆက်**

# ရာဇသတ်ကြီးပုဒ်မ-၃၇၆ နှင့် မိန်းမမာယာ သဲကိုးဖျာ

စိန်လှိုင်ပိုလ်



ရာဇဝတ်မှုများတွင် စွပ်စွဲ စွဲဆိုအရေးယူအပြစ်ပေး ခံရသောတရားခံတိုင်းသည် ပြစ်မှုကျူးလွန်သူအစစ်အမှန်မဟုတ်ကြောင်းကို သိရှိနိုင်ကြသည်။ အဘယ်ကြောင့်ဆိုသော် တရားစွဲဆိုခံရပြီးနောက် မူလမြို့နယ် တရားရုံးမှာပင် တရားရှင်၊ တရားသေလွတ်မြောက်သွားသော တရားခံအများအပြားရှိသည်။ သို့မဟုတ်ပါကလည်း အယူခံရုံးအဆင့်ဆင့်ရောက်မှ အပြစ်မရှိ၍ လွတ်မြောက်သွားသည်များလည်းရှိသည်။ တရားစွဲခံရသူတိုင်းသည် တရားခံမဟုတ်ပါ။ စွပ်စွဲခံရသူသာဖြစ်သည်။ မူလရုံးတွင် ခုခံချေပခဲ့ပါလျက် ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးနောက် တရားရုံးချုပ်သို့ အယူခံဝင်ရောက်သည်မှ တရားသေလွတ်မြောက်သွားသော အမှုတစ်ခုအကြောင်းကို ရည်ညွှန်းကိုးကား၍ ရေးသားတင်ပြပါဦးမည်။

ရာဇသတ်ကြီးပုဒ်မ-၃၇၆ မုဒိမ်းမှုဖြစ်သည်။ ဦးပန်းအေးဆိုသူသည် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကမာမိုကျေးရွာတွင် နေထိုင်သည်။ ဒေါင့်ရပ်ကျေးရွာတွင်လည်း ၎င်းပိုင်အိမ်တစ်လုံးရှိသည်။ ထိုအိမ်ကို ကိုတင်မောင်နှင့် ဇနီးမစောတီတို့ကို အရောင်းအဝယ်ပြုလုပ်ထားပြီး စရန်ငွေသာရရှိပါသေးသည်။ ဦးပန်းအေးသည် ဒေါင့်ရပ်ရွာသို့လာလျှင် သူ၏အိမ်၌အိပ်လေ့ရှိသည်။ ထိုအိမ်အောက်ထပ်တွင် မစောတီ၊ ကိုတင်မောင်နှင့် အသက် ၁၂ နှစ်အရွယ် သမီးကြီးနှင့် နို့စို့ကလေးများနေထိုင်ကြသည်။

၁၉၆၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက် ည ၁၀ နာရီခန့်တွင် မစောတီသည် သားသမီးများနှင့်အတူ ထိုအိမ်၌အိပ်နေသည်။ ယောက်ျားဖြစ်သူ ကိုတင်မောင်မရှိပါ။ ထိုအချိန်တွင် ဦးပန်းအေးရောက်ရှိလာပြီး တံခါးဖွင့်ခိုင်းသဖြင့် မစောတီက ဖွင့်ပေးသည်။ အိမ်အတွင်းသို့ရောက်ရှိသောအခါ ဦးပန်းအေးသည် မစောတီနှင့် ခေတ္တစကားပြောပြီး အိမ်အပေါ်ထပ်သို့တက်၍ အိပ်မည့်ဟန်ဖြင့် ထ၍ထွန်းထားသောမီးခွက်ကို မှုတ်သည်။ မစောတီ၏အိပ်ခန်းအတွင်းသို့ဝင်၍ မုဒိမ်းကျင့်သည် ကိစ္စပြီးစီးသောအခါ ဦးပန်းအေးက အိမ်အပေါ်ထပ်သို့တက်၍ အိပ်သည်ဟုဆိုသည်။

ထို့နောက် မစောတီသည် အရပ်လူကြီးများဖြစ်ကြသော ဦးဖိုးမြိုင်၊ ဦးလှမောင်၊ ဦးလှတင်တို့ကို သွားအား ဦးပန်းအေးကမုဒိမ်းကျင့်ပါသည်ဟု တိုင်တန်းသည်။ ရွာလူကြီးများသည် အချင်းဖြစ်အိမ်သို့ရောက်ရှိလာပြီးနောက် ဦးပန်းအေးကိုနှိုး၍ မစောတီ၏စွပ်စွဲချက်များကိုပြောပြရာ ဦးပန်းအေးက ငြင်းဆိုသည်။ အရပ်လူကြီးများက ဦးပန်းအေးဝတ်သောလုံချည်နှင့် မစောတီဝတ်သောထဘီကိုသိမ်းဆည်းသည်။ နောက်တစ်နေ့တွင် မစောတီက ချောင်းဆုံရဲဌာန၌ တိုင်တန်းခဲ့သည်။

မော်လမြိုင်မြို့ (၂)ရာဇဝတ်တရားသူကြီးရုံး ၁၉၆၅ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်-၁၆ တွင် ဦးပန်းအေးအပေါ် ရာဇသတ်ကြီးပုဒ်မ-၃၇၆(ပထမပိုင်း)အရ ပြစ်မှုကျူးလွန်သည်ဟု တွေ့ရှိရသည်ဆိုကာ အလုပ်နှင့်ထောင်ဒဏ်ငါးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ရာ ထိုအမိန့်ကို ဦးပန်းအေးကမကျေနပ်၍ နိုင်ငံတော်တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခဲ့သည်။ တရားသူကြီးမှာ ဦးချစ်ဖြစ်သည်။

**နိုင်ငံတော်တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ရဲက သက်သေခံထဘီနှင့် လုံချည်ကို ဓာတုဗေဒသို့ပို့ရာ ထဘီတွင် သုက်ပိုးမတွေ့၊ လုံချည်တွင်သာ သုက်ပိုးတွေ့ကြောင်း မစောတီကို ဆရာဝန်အစစ်ခံရန်ပြောရာ မစောတီက ငြင်းဆိုကြောင်း၊ ထို့ကြောင့် ဤအမှုတွင် ဆရာဝန်စစ်ဆေးချက်မရှိကြောင်း ဦးစွာစိစစ်ခဲ့သည်။ ဦးပန်းအေးကို ရဲက ဖမ်းဆီးပြီးလျှင် မစောတီအား အလိုမတူဘဲ မုဒိမ်းကျင့်မှုဖြင့် အမှုစစ်ဆေးရန် ရုံးသို့တင်သည်။ အောက်ရုံးက အထက်ပါအတိုင်း ဦးပန်းအေးကို အပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဦးပန်းအေးသည် အကျဉ်းထောင်မှနေ၍ အယူခံလွှာတင်သွင်းသည်။ ရှေ့နေမငှားနိုင်ပါ။

ဤနေရာတွင် အစိုးရဘက်မှလိုက်ပါဆောင်ရွက်သော ရှေ့နေကြီး ဦးနှစ်က တရားရုံးတော်သို့ တင်ပြလျှောက်ထားချက်မှာ လွန်စွာမှပင် တရားဥပဒေနှင့် ညီညွတ်ကြောင်း ဝမ်းမြောက်စွာတွေ့မြင်ရသည်။ **"ဤအမှုတွင် ဦးပန်းအေးသည် မစောတီကို အတင်းအဓမ္မကာမရာဂစပ်ယှက်သည်ဆိုခြင်းမှာ မစောတီ၏ စွပ်စွဲချက်တစ်ခုသာရှိကြောင်း၊ မစောတီ၏ထဘီတွင် သုက်ပိုးမတွေ့ရှိခြင်း၊ မစောတီဆရာဝန်ဆေးအစစ်မခံခြင်းတို့ကြောင့် မစောတီ၏စွပ်စွဲချက်ကို ထောက်ခံသည့်သက်သေမရှိကြောင်း၊ အောက်ရုံးတရားသူကြီးက ဦးပန်းအေး၏လုံချည်တွင် သုက်ပိုးတွေ့ရှိသဖြင့် ဦးပန်းအေးသည် မစောတီအား မုဒိမ်းပြုကျင့်သည်ဟု စွပ်စွဲချက်သည် ယုတ္တိမရှိကြောင်း"** လျှောက်ထားတင်ပြခဲ့သည်။

ထို့ပြင် လုံချည်၌တွေ့ရှိသောသုက်ပိုးမှာ ဦးပန်းအေး၌ ထိုအခါက မယားမရှိသော်ငြားလည်း အခြားမိန်းမနှင့်ကာမရာဂစပ်ယှက်ရာရရှိနိုင်သော သုက်ပိုးလည်းဖြစ်နိုင်ကြောင်း သို့မဟုတ် အခြားနည်းပြုကျင့်၍ ရရှိနိုင်သော သုက်ပိုးလည်းဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် ထိုလုံချည်၌ သုက်ပိုးတွေ့ရှိရုံမျှဖြင့် မစောတီ၏စွပ်စွဲချက်ကို ထောက်ခံသည်ဟု အောက်ရုံးတရားသူကြီး၏ ယူဆချက်မှာ မှားယွင်းပါကြောင်း၊ ထို့ကြောင့် ဦးပန်းအေးအပေါ် ချမှတ်ထားသောအမိန့်ကို မထောက်ခံနိုင်ပါကြောင်း တိကျပြတ်သားစွာ ရုံးတော်သို့ လျှောက်ထားခဲ့သည်။

တရားရုံးချုပ်က အမှုတစ်ခုလုံးကို ခြုံငုံစဉ်းစား သုံးသပ်ရာတွင် တွေ့ရှိရသည်မှာ အစိုးရရှေ့နေကြီး တင်ပြသည့်အတိုင်း မစောတီ၏ စွပ်စွဲချက်တစ်ခုသာ လျှင်ရှိကြောင်း၊ ၎င်း၏ထွက်ဆိုချက်မှာလည်း ယုတ္တိမရှိကြောင်း၊ ဦးပန်းအေးသည် ဒေါင့်ရပ်ရွာသို့ လာရောက်တိုင်း ၎င်းအိမ်၌ပင် တည်းခိုညအိပ်သည်။ အမှန်တကယ် ဦးပန်းအေးက မစောတီအား ထိုညက ကာမရာဂစပ်ယှက်ပါက မစောတီသည် အလိုမတူလျှင် ရုန်းကန်ဆန့်ကျင်စရာအကြောင်းရှိသည်။ အော်မည်ဆိုပါကလည်း အော်နိုင်သည်။ သို့သော်လည်း သူမ၏ထွက်ချက်အရ **"ကျွန်မအော်လည်း မအော်ပါ။ ရုန်းလည်းမရုန်းပါ။ ကြောက်လို့ဘာမှ မလုပ်ရဲပါ"** ထိုထွက်ဆိုချက်မှာ ယုတ္တိမရှိကြောင်း တရားရုံးချုပ်က ယူဆခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ထိုအခါ၌ ဦးပန်းအေးတွင် လက်နက်တစ်စုံတစ်ရာမရှိ။ ထို့ပြင် ထိုအိမ်နှင့် ကပ်လျက်တွင် ဖိုးဖစုအိမ်ရှိသည်။ ထို့ပြင် ဒေါ်ကောင်မလေး၏အိမ်လည်းရှိသည်။ မစောတီသည် အလိုမတူ၍အော်လျှင် ထိုအိမ်များရှိ လူအများက ကြားနိုင်သည်။ ထို့ပြင် အနီး၌အိပ်နေသော အသက် ၁၂ နှစ်အရွယ်ရှိ သမီးလည်းနိုးနိုင်သည်။ ထို့ပြင် စဉ်းစားရန်ရှိသော အခြားတစ်ချက်မှာ ဦးပန်းအေးက မစောတီကို ကာမစပ်ယှက်နေစဉ် အနီးတွင် အိပ်နေသောကလေးများငိုကြ၍ မစောတီက ဦးပန်းအေးအား ခဏငြိမ်ခိုင်းသည်။ ထို့နောက် ကလေးများအငိုတိတ်ရန်ချော့ပြီး အိပ်စေသည်။ ထို့နောက် ဦးပန်းအေးက မစောတီကို ဆက်လက်၍ မုဒိမ်းကျင့်သည်ဟူသော ပြောဆိုချက်မှာ မစောတီသည် ဦးပန်းအေး၏ကာမရာဂစပ်ယှက်မှုကို အလိုတူရာဖြစ်ကြောင်း ထောက်ပြသည်ဟု တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

မုဒိမ်းမှုများတွင် မုဒိမ်းစကျင့်စဉ်အခါက မုဒိမ်းကျင့်ခံရသောမိန်းမသည် အလိုတူ၊ မတူမှာ သူ၏အပြုအမူကို စဉ်းစားရပေမည်။ ဤအမှုမှာ မစောတီပြောသည့်အတိုင်း မှန်ခဲ့လျှင် မစောတီသည် ဦးပန်းအေး၏ ကာမရာဂစပ်ယှက်ရာတွင် သဘောတူရာရောက်သည်ဟု ရုံးတော်ကယူဆသည်။ ထိုကဲ့သို့ ကာမကို သဘောတူစွာပေးပြီးနောက်တွင်မှ သဘောမတူသည့်လက္ခဏာ

❖ ကာမရာဂနှင့်စပ်လျဉ်း၍ စွဲဆိုသောအမှုမျိုးတွင် တရားလိုမ၏ ထွက်ဆိုချက်ကို အထောက်အထားပြုသည့် သက်သေခံချက်ရှိရမည်ဟု တရားဥပဒေအရ ပြဋ္ဌာန်းချက်မရှိငြားသော်လည်း အကြောင်းကြောင်းကြောင့် လီဆယ်၍ စွဲဆိုသောအမှုမျိုးပေါ်ပေါက်တတ်သည်ဖြစ်ရကား ယေဘုယျအားဖြင့်ဆိုလျှင် တရားရုံးများက တရားလိုမ၏ထွက်ဆိုချက်ကို ထောက်ခံသောအထောက်အထားအကိုးအကားရှိ၊ မရှိ ဂရုပြု၍ ထည့်သွင်းစဉ်းစားလေ့ရှိကြသည်ကို သတိချပ်စေသင့်သည်ဟု လမ်းညွှန်ထုံးဖွဲ့ထားသည်။ ❖

နှင့် အရပ်လူကြီးများကို တိုင်ကြားခြင်းမှာ တရားမဝင်ကြောင်း၊ ဦးပန်းအေးထံမှ သိမ်းဆည်းသွားသော လုံချည်မှာ သုက်ပိုးတွေ့၍ မစောတီထံမှ သိမ်းဆည်းသွားသောထဘီမှာ သုက်ပိုးမတွေ့ဟု အစီရင်ခံထားရာ အောက်ရုံးတရားသူကြီးသည် မစောတီ၏ဆေးစစ်မခံသော်ငြားလည်း ၎င်းကို ဦးပန်းအေးသည် မုဒိမ်းပြုကျင့်ပါသည်ဆိုသည့် စွပ်စွဲချက်၌ ဦးပန်းအေးလုံချည်တွင် သုက်ပိုးတွေ့ရခြင်းမှာ ထောက်ခံချက်တစ်ခုဖြစ်သဖြင့် ကာမရာဂစပ်ယှက်သည်မှာ ဦးပန်းအေးသာလျှင်ဖြစ်ရမည်ဟု ယူဆခြင်းမှာ နက်နဲစွာစဉ်းစားထားဟန်မတူကြောင်း တရားရုံးချုပ်တရားသူကြီးက ဆင်ခြင်သုံးသပ်ခဲ့သည်။

အစိုးရရှေ့နေကြီးတင်ပြသည့်အတိုင်း ဦးပန်းအေးလုံချည်တွင် သုက်ပိုးတွေ့ရခြင်းမှာ ဦးပန်းအေးသည် သူ့အလိုအလျောက် သုက်ထွက်အောင်ပြုလုပ်ခြင်းဖြင့် တွေ့ရှိနိုင်ကြောင်း သို့မဟုတ် အခြားမိန်းမတစ်ဦးနှင့် ကာမရာဂစပ်ယှက်လျှင်လည်း သုက်ပိုးတွေ့ရှိနိုင်ကြောင်း၊ ထိုကဲ့သို့ သုက်ပိုးတွေ့ရှိခြင်းကိစ္စနှင့်ပတ်သက်၍ ထိုသုက်ပိုးသည် မစောတီနှင့် ကာမရာဂစပ်ယှက်၍တွေ့ရှိသော သုက်ပိုးဖြစ်ကြောင်းကို တထစ်ချ မယူဆထိုက်ကြောင်း၊ **ဒွိဟသံသယဖြစ်စေကြောင်း၊ ထိုဒွိဟသံသယအကျိုးကို ဦးပန်းအေးသာလျှင် ခံစားထိုက်ကြောင်း** ကျယ်ပြန့်စွာစဉ်းစား၍ လေးနက်စွာ ဆင်ခြင်သုံးသပ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဤအမှုတွင် မစောတီ၏စွပ်စွဲချက်တစ်ခုသာလျှင်ရှိသည်။ ၎င်းကဲ့သို့ မုဒိမ်းမှုမျိုးတွင် မိန်းမ၏စွပ်စွဲချက်တစ်ခုနှင့် တရားခံကို အပြစ်ပေးရန် မသင့်ကြောင်း **ကိုလုကြွယ်ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၁၉၅၆ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးတရားလွှတ်တော် စာမျက်နှာ-၃၁ တွင်** စီရင်ထုံးဖွဲ့ထားကြောင်း၊ ထို့ပြင် **ဒေါက်တာအုန်းသွင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် မြန်မာပြည်စီရင်ထုံးတရားလွှတ်တော်ချုပ်စာမျက်နှာ-၆၃ တွင်-**

**ကာမရာဂနှင့်စပ်လျဉ်း၍ စွဲဆိုသောအမှုမျိုးတွင် တရားလိုမ၏ထွက်ဆိုချက်ကို အထောက်အထားပြုသည့် သက်သေခံချက်ရှိရမည်ဟု တရားဥပဒေအရ ပြဋ္ဌာန်းချက်မရှိငြားသော်လည်း အကြောင်းကြောင်းကြောင့် လီဆယ်၍ စွဲဆိုသောအမှုမျိုးပေါ်ပေါက်တတ်သည်ဖြစ်ရကား ယေဘုယျအားဖြင့်ဆိုလျှင် တရားရုံးများက တရားလိုမ၏ထွက်ဆိုချက်ကို ထောက်ခံသောအထောက်အထားအကိုးအကားရှိ၊ မရှိ ဂရုပြု၍ ထည့်သွင်းစဉ်းစားလေ့ရှိကြသည်ကို သတိချပ်စေသင့်သည်**ဟု လမ်းညွှန်ထုံးဖွဲ့ထားသည်။

အထက်ဖော်ပြပါအကြောင်းခြင်းရာနှင့်ပတ်သက်၍ ယူဆချက်နှင့် စီရင်ထုံးများအရ အောက်ရုံးတရားသူကြီးက အယူခံတရားလို ဦးပန်းအေးအပေါ် ရာဇသတ်ကြီးပုဒ်မ-၃၇၆ (ပထမပိုင်း)အရ ပြစ်မှုမြောက်သည်ဟု တွေ့ရှိရ၍ အလုပ်နှင့်ထောင်ဒဏ်ငါးနှစ်ကျခံစေရန် ချမှတ်သောအမိန့်မှာ မှားယွင်းလျက်ရှိကြောင်း၊ သို့ဖြစ်၍ ထိုအမိန့်ကို ကျွန်ုပ်အတည်မပြုနိုင်သဖြင့် ပယ်ဖျက်လိုက်ပြီး အယူခံတရားလို ဦးပန်းအေးအား ဤအမှုနှင့်ပတ်သက်သမျှ တရားသေလွှတ်ရန် အမိန့်ချမှတ်လိုက်သည်။ လူ့ပတ်ဝန်းကျင်တွင် ပြောဆိုလေ့ရှိကြသည့် "မိန်းမမာယာ သဲကိုးဖျာ" ဟူသော ဆိုရိုးစကားကို မူလရုံးတရားသူကြီးက အမှုမဲ့အမှတ်မဲ့ဖြစ်သွားဟန်တူပါကြောင်း တင်ပြရင်း ဦးပန်းအေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၅ ခုနှစ် ရာဇဝတ်အယူခံမှုအမှတ်-၂၇၉ ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဈေးကွက်တွင် ဝါများ ဈေးကောင်းရရှိနေ



**မူဆယ် မတ် ၂၈**

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ဈေးကွက်တွင် ဝါများဈေးကွက်သွက်လက်လှုပ်ရှားကာ ဈေးကောင်းရရှိနေကြောင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၏ သတင်းများအရ သိရသည်။

ယခုအခါ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ဈေးကွက်တွင် စက်မှုကုန်ကြမ်းပစ္စည်းဖြစ်သည့် ဝါကို တရုတ်နိုင်ငံက ဝယ်ယူမှုမြင့်တက်လျက်ရှိပြီး မတ်လအတွင်း တစ်ရက်လျှင် ဝါတန်ချိန် ၅၀ ခန့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချပေးခဲ့ရကာ မတ် ၅ ရက်က တစ်ရက်တည်း ဝါတန်ချိန် ၅၁ ဒသမ ၅ တန်ထိ တင်ပို့ရောင်းချပေးခဲ့ရကြောင်း၊ ယခုအခါ ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားခြင်းများကို Trad-enet 2.0 System တွင် Online ဖြင့် လျှောက်ထားနိုင်ပြီး ကုန်သွယ်ရေးစခန်းများတွင်လည်း လာရောက်လျှောက်ထားပါက ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတင်ပို့သည့် ပို့ကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့တင်ပို့ရောင်းချပေးရာတွင်အကောက်ခွန်သက်သာခွင့်အတွက် တရုတ်နိုင်ငံနှင့်အာဆီယံနိုင်ငံများကြား ထုတ်ပေးသော ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်တောင်းခံလာပါက စိစစ်ခွင့်ပြုပေးလျက်ရှိရာ မတ် ၁၂ ရက်ထိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဝါ၊ ဂွမ်းတင်ပို့သူများကို ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် နှစ်စောင်ထုတ်ပေးထားကြောင်း သိရသည်။

ထို့ကြောင့် ပြည်တွင်းပင်ရင်းဈေးကွက်များတွင် ဝါဈေးနှုန်းများမြင့်တက်လာခဲ့ပြီး ယခင်က တစ်ပိဿာလျှင် ငွေကျပ် ၂၉၀၀ သာရှိခဲ့ရာမှ လက်ရှိတွင် ငွေကျပ် ၃၁၀၀ မှ ငွေကျပ် ၃၅၀၀ ထိ ဈေးကောင်းရရှိခဲ့ကြောင်း၊ ဂွမ်းဈေးနှုန်းများမှာလည်း တစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀ ထိ ပေါက်ဈေးရရှိလာခဲ့ကြောင်း၊ ယခုနှစ်တွင် ဝါအထွက်နှုန်းလျော့ကျခဲ့ပြီး လက်ရှိ ဝါလက်ကျန်နည်းပါးနေချိန်တွင် တရုတ်နိုင်ငံ၏ ဝယ်ယူမှုမြင့်တက်လာခဲ့သဖြင့် ဝါဈေးကွက်သွက်လက်လှုပ်ရှားကာ ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

ပြည်တွင်းဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဝါဈေးကွက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ထိ လေးနှစ်စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ သိရသည်။

**ချမ်းချမ်း**

# အမ်းမြို့နယ် ညောင်ပင်သာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**အမ်း မတ် ၂၈**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ညောင်ပင်သာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မတ် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာ ရေရရှိရေးကော်မတီဝင်များနှင့်အတူ ညောင်ပင်သာကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်းမှာကြားပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အမ်းမြို့နယ် ညောင်ပင်သာကျေးရွာ၌ အရှည်ပေ ၁၀၅၆၀ ရေပိုက်လိုင်း သွယ်တန်းခြင်း၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ခြောက်ပေရှိ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၄၁ ဒသမ ၆ သန်းဖြင့် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် ဇူလိုင် ၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း အမ်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက ပြောပြ၍ သိရသည်။ **ကိုသန်း**

# ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းမြေပဲ ၁၀၆၂ ကေနုတ်သိမ်းပြီးစီးပြီး အထွက်နှုန်းကောင်းမွန်

**ငပုတော မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဆောင်းမြေပဲ ၁၀၆၂ ဧက ပြန်လည်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းကောင်းမွန်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဆောင်းမြေပဲ ၁၀၆၂ ဧကကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်က မြေပဲတစ်ဧကလျှင် ပျမ်းမျှ ၄၅ တင်းထိသာ ထွက်ရှိခဲ့ပြီး ယခုနှစ်တွင် တစ်ဧကလျှင် ပျမ်းမျှတင်း ၅၀ ထိ ထွက်ရှိသဖြင့် အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

"ဆောင်းသီးနှံတွေကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှာ စတင်စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့အတွင်းမှာ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးပါတယ်။ ဆီထွက်သီးနှံတွေကိုဆောင်းကာလမှာ အဓိကထားစိုက်ပျိုးတာဖြစ်ပါတယ်။ ဆီထွက်သီးနှံမြေပဲ ၁၀၆၂ ဧကထိ စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ ဒေသခံတောင်သူတွေ ဆီထွက်သီးနှံမြေပဲတွေကို စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာနဲ့ အခြားပံ့ပိုးမှုတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆောင်းသီးနှံတွေ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့် အခု ပြန်လည်နုတ်သိမ်းတော့ အထွက်နှုန်းကောင်းမွန်ခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။



ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံ ဆောင်းမြေပဲများ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးလုပ်ငန်းများကို သီးနှံမစိုက်မီ ကြိုတင်ဆောင်ရွက်ပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# သဲကုန်းမြို့နယ် ဘူးပြောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ရေး မြေတိုင်းတာစစ်ဆေး

**သဲကုန်း မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘူးပြောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ် ဆောင်ရွက်နိုင်ရေး လက်ရှိမြေပြင်အခြေအနေ၊ အနိမ့်အမြင့် တိုင်းတာခြင်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးတိုင်းတာရာတွင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နိုင်ရေး လမ်းအရှည်၊ အကျယ်များ သတ်မှတ်ထားသည့် စံနှုန်းများနှင့်ကိုက်ညီမှု ရှိ၊ မရှိ၊ မြေပြင်အခြေအနေနှင့် ကိုက်ညီသည့် လမ်းအမျိုးအစားဖြစ်စေရေးအတွက် မြေအနိမ့်၊ အမြင့် တိုင်းတာခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုန်ထုတ်လမ်း ဖောက်လုပ်ရန် တိုင်းတာခြင်းနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သဲကုန်းမြို့နယ် ဘူးပြောကျေးရွာ၌ အရှည်ပေ ၅၆၀၀ ရှိ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေးအတွက် ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်လမ်း ဖောက်လုပ်ပေးမည်ဆိုပါက ဘူးပြောကျေးရွာရှိ လယ်ဧက ၃၀၀ ကျော်မှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးထံမှ သိရသည်။

**သုတ**



# လဲချားမြို့နယ် ပန်ဟုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ်ထုတ်ချေး

**လဲချား မတ် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်၍ နမ့်တုတ်အုပ်စု ပန်ဟုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းအပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ် ထုတ်ချေးခြင်းကို မတ် ၂၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းစန္ဒာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်း စည်းကမ်းများကို ပြောကြားသည်။

ထို့နောက် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းစန္ဒာဝင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပန်ဟုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၇၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူလေးဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၄၃ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးသူ**

# မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် ရန်ကုန်-စင်ကာပူ-ရန်ကုန်ခရီးစဉ်ကို ဧပြီ ၂၃ ရက်မှစတင်၍ အခေါက်ရေထပ်တိုး ပျံသန်းပြေးဆွဲပေးသွားမည်




**ရန်ကုန် မတ် ၂၈**

မြန်မာအမျိုးသားလေကြောင်းလိုင်း(Myanmar National Airline-MNA)အနေဖြင့် ရန်ကုန်-စင်ကာပူ-ရန်ကုန်ခရီးစဉ်ကို ဧပြီ ၂၃ ရက်မှစတင်၍ အခေါက်ရေထပ်တိုး ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်း၏ သတင်းများအရ သိရသည်။

လက်ရှိတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ရန်ကုန်-စင်ကာပူ-ရန်ကုန်ခရီးစဉ်ကို နေ့စဉ် တစ်ရက်လျှင် တစ်ကြိမ် ပျံသန်းပြေးဆွဲပေးလျက်ရှိကြောင်း၊ ထိုသို့ ပျံသန်းပြေးဆွဲပေးရာတွင် ရန်ကုန်မြို့မှ မြန်မာစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၃၀ တွင် ထွက်ခွာကာ စင်ကာပူသို့ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ပြီး စင်ကာပူမှ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ပြန်လည်ထွက်ခွာကာ ရန်ကုန်မြို့သို့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပြန်လည် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် အဆိုပါ ရန်ကုန်-စင်ကာပူ-ရန်ကုန် ခရီးစဉ်ကို ဧပြီ ၂၃ ရက်မှစတင်၍ အခေါက်ရေ ထပ်တိုးပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ပြီး ထိုသို့ပျံသန်းပြေးဆွဲရာတွင် တနင်္လာနေ့၊ အင်္ဂါနေ့နှင့် သောကြာနေ့တို့၌ တစ်ရက်လျှင် တစ်ကြိမ် ပျံသန်းပြေးဆွဲပေးနေရာမှ တစ်ရက်လျှင် နှစ်ကြိမ် ထပ်တိုး ပျံသန်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထပ်တိုးပျံသန်းပြေးဆွဲပေးသွားမည့် ခရီးစဉ်များတွင် ရန်ကုန်မြို့မှ မြန်မာစံတော်ချိန် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ထွက်ခွာကာ စင်ကာပူသို့ ဒေသစံတော်ချိန် ည ၇ နာရီ ၄၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ပြီး စင်ကာပူမှ ဒေသစံတော်ချိန် ည ၈ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာကာ ရန်ကုန်မြို့သို့ မြန်မာစံတော်ချိန် ည ၁၀ နာရီ ၁၅ မိနစ်တွင် ပြန်လည်ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်-စင်ကာပူ-ရန်ကုန်ခရီးစဉ်အတွက် လေယာဉ်လက်မှတ်ခများမှာ ခရီးစဉ်တစ်ကြောင်းစာအတွက် အမေရိကန်ဒေါ်လာ ၁၈၅ ဒေါ်လာကျသင့်မည်ဖြစ်ပြီး အသွား၊ အပြန်အတွက် အမေရိကန်ဒေါ်လာ ၃၅၂ ဒေါ်လာ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

(၃၃၆)

# တာချီလိတ်မြို့နယ် ဟွေယုန်း(ရွာသစ်)ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**တာချီလိတ် မတ် ၂၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာချီလိတ်မြို့နယ် ဟွေယုန်း(ရွာသစ်) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဘက်စုံသုံးခန်းမတည်ဆောက်နေမှုကို မတ် ၂၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေနှင့်တာဝန်ရှိသူများက မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဟွေယုန်း(ရွာသစ်)ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လွဲလွဲသင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသရာ ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေက လုပ်ငန်းများ အချိန်မီပြီးစီးရေး ပိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

တာချီလိတ်မြို့နယ် ဟွေယုန်း(ရွာသစ်)ကျေးရွာတွင် အလျားပေ ၄၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၁ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၉ သိန်းအသုံးပြုပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မတ်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးကိစ္စရပ်များကို အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

## စာပေမြင့်မှ လူမျိုးတင့်မည်









## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

မကွေးတိုင်း၊ပခုက္ကူခရိုင်၊ရေစကြိုမြို့၊ ရှခင်းသာရပ်၊ ကူတုပ်ကွင်း၊ အမှတ်(၂၄၆)နေ ဒေါ်မြကေခိုင် မှ **(1) ဆန္ဒတော်ပြည့် (2) ပြည့်ဝ (3) လိုအင် (4) နှင်းပွင့် (5) အေးရိပ်** တံဆိပ်(၅)မျိုးအနက်မှ သင့်လျော်သော အမည်အမှတ်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝှမ်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဒေါ်မြကေခိုင် ထံသို့ လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြကေခိုင် (၈/ရစက(နိုင်)၀၀၀၀၄၇)၊ အမှတ်(၂၄၆)၊ ကူတုပ်ကွင်း၊ ရှခင်းသာရပ်၊ ရေစကြိုမြို့၊ ပခုက္ကူခရိုင်၊ မကွေးတိုင်း။ ၀၉-၈၈၂၁၆၄၉၅၅**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မြေကွက်အမှတ်၊ ပ-၂၄၁၁ ပေ(၈၀×၆၀)အကျယ်ရှိ အိမ်ခြံမြေနှင့် ယင်းအိမ်ခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ယဉ်မင်းထွန်း ၁၂/ပဇတ(နိုင်)၀၃၀၇၁၇ ထံမှ ကျွန်မ ဒေါ်မြသန္တာ ၈/မဘန(နိုင်)၀၇၁၄၈၀ က အပြီးအပြတ်ဝယ်ယူခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျ ခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မ ဒေါ်မြသန္တာ ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြသန္တာ**
**နေပြည်တော်၊ ဇေယျာသီရိမြို့နယ်**
**ဖုန်း ၀၉-၆၉၄၃၃၃၃၉၀**

### ပျောက်ဆုံးကြောင်း

ကျို့ပျော်မြို့နယ်နေ ဒေါ်သိန္တယ်(ဘ) ဦးအရှိန် (၁၄/ကပန(နိုင်)၂၂၃၇၃၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၆၁၄၆၁၇၀၁

### ပျောက်ဆုံးကြောင်း

ဝါးသိုင်းချောင်းမြို့နေ နိုင်ထွန်း(ဘ) ဦးအေးချို (၁၄/ငသခ(နိုင်)၀၈၇၅၃၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၆၈၈၃၄၀၈

### ပျောက်ဆုံးကြောင်း

ဓနုဖြူမြို့နယ်နေ ထွန်းထွန်း(ဘ) ဦးသန်းမြင့် (၁၄/ဓနဖ(နိုင်)၁၂၀၄၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၄၄၄၈၀၄၅

### ပျောက်ဆုံးကြောင်း

ကျို့ပျော်မြို့နေ သန္တာမျိုးဝင်း (ဘ) ဦးသန်းအောင်(၁၄/ကပန(နိုင်)၂၆၂၆၃၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၀၄၉၅၆၀၃

### ပျောက်ဆုံးကြောင်း

လပွတ္တာမြို့နယ်နေ ဦးဝင်းဘို(ဘ) ဦးညီတင် (၁၄/လပတ(နိုင်)၂၅၀၅၀၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၇၀၆၃၈၅၈

### ပျောက်ဆုံးကြောင်း

ဟသ်တသာမြို့နေ ဇင်မင်းထွန်း(ဘ) ဦးထွန်းရီ (၁၄/ဟသတ(နိုင်)၂၄၀၀၇၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၉၆၈၆၉၆၆

## အမည်ပြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်နေ ဦးဇော်မင်းထက်-ဒေါ်ရွှေစင်မိုးတို့၏သား မောင်ဘုန်းပြည့်စုံဟိန်းအား မောင်ပိုင်မြတ်သူ ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ပိုင်မြတ်သူ**

### ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်နေ ထက်ဝေယံအောင် (ဘ) ဦးအောင်အောင် (၉/မဟမ(နိုင်)၀၃၃၃၈၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း

တောင်သာမြို့နယ်နေ ဒေါ်စန္ဒီနွယ် (ဘ) ဦးရွှေမောင်း (၇/တသန(နိုင်)၁၄၄၀၂၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်နေ ဝင်းဇော်အေး (ဘ) ဦးလွေး (၉/နထက(နိုင်)၁၆၈၂၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း

မိတ္ထီလာမြို့နယ်နေ ဇော်မျိုးထက် (ဘ) ဦးကျော်မြင့် (၉/မထလ(နိုင်)၂၈၁၄၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း

မြန်အောင်မြို့နယ်နေ မောင်ချိုဝင်း (ဘ) ဦးရွှေအောင် (၁၄/မအန(နိုင်)၁၈၃၃၇၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၈၆၂၆၉၂

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်စီးပွားရေး တစ်နည်းအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လို...

❖ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ဝယ်လိုအားတက်လာမည်ဖြစ်...

❖ ငွေကြေးလည်ပတ်မှုများကောင်းမွန်လာပြီး ကုန်ထုတ်လုပ်မှုများတိုးတက်လာမည်ဖြစ်ကာ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...

❖ MSME လုပ်ငန်းများကို ပြည်တွင်းစီးပွားရေးကို အားပေးရန်၊ ပြည်ပသွင်းကုန်အစားထိုးရန်နှင့် ပြည်ပပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေးအတွက် အားပေးဆောင်ရွက်နေခြင်းဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ပြုလုပ်သော ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့ ၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မတ် ၂၈**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့၏ အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား)၊ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း၊

စာမျက်နှာ ၂၃ ကော်လံ ၁ ☆



**(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ပိုစတာကြီးများ စိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်**

စာမျက်နှာ - ၁၆

**နိုင်ငံရေးပါတီများ တည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့် လျှောက်ထားခြင်းနှင့် ပါတီဖျက်သိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ ကြေညာ**

စာမျက်နှာ - ၂၀


Central Hotel
YANGON
အမှတ် - (၃၃၃ ~ ၃၃၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၀၁ ~ ၈၂၄၀၀၀၇



မင်္ဂလာအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..